ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့ (3-3-2012) (၇၀၅၃)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် မတ် ၃

၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဇန်၊ ပလန်နီလိဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဒို့တာဝန် အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည့် "ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး" တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းများမှအဖွဲ့ဝင်များ၊ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ဒေသခံပြည်သူ ၃၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက မည်သို့ပံ့ပိုးဆောင်ရွက်နေသည်၊ ဒေသခံပြည်သူများက မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ကို ဆွေးနွေးပြီး အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲဆောင်ရွက်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရတစ်ရပ်ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများကို ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော်ခဲ့သည့် အခြေခံကောင်းများအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးကဏ္ဍတွင်လည်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုပိုမိုထိရောက်တိုးတက်လာအောင် ကုန်သွယ်ဥပဒေများကိုလည်း ပြုပြင်ပြောင်းလဲမှုများ **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

သမဝါယမစနစ်သည် မည်သည့်လုပ်ငန်းမျိုးကိုမဆို ပေါင်းကူးတံတားသဖွယ် ဆက်စပ်ဆောင်ရွက်ပေးနိုင် မတည်ရင်းနှီးငွေများကို ထုတ်ချေးပေးနေခြင်းအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် မတ် ၂

မြင်းမူမြို့မှစ၍ မြန်မာနိုင်ငံတွင် သမဝါယမစနစ် စတင်ခဲ့သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာ့သမဝါယမစနစ်၏ အောင်မြေပင်ဖြစ်ပါကြောင်း၊ သမဝါယမစနစ်သည် မည်သည့်လုပ်ငန်းမျိုးကိုမဆို ပေါင်းကူးတံတားသဖွယ် ဆက်စပ်ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းစနစ်တစ်ခုဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် သမဝါယမအသင်းများ၊ အစုအဖွဲ့များ ဖွဲ့စည်းခြင်းကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေဖြင့် ဖွဲ့စည်းသကဲ့သို့ မတည်ရင်းနှီးငွေများကို ထုတ်ချေးပေးနေခြင်းအား ယုံကြည်မှုဖြင့် ဝိုင်းကြီးချုပ်စနစ်အသုံးပြုကာ စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်း။

မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ဝင်နိုင်မည့် မွေးမြူရေးလုပ်ငန်းများကို ယုံကြည်မှုရှိရှိ၊ ရဲရဲတင်းတင်း မွေးမြူသွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသည် လေးငါးလကြာမြင့်မှ ရရှိနိုင်မည့် ပင်မဝင်ငွေဖြစ်ရာ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ဒုတိယဝင်ငွေရရှိနိုင်သည့်အပြင် အခြေအနေပေးပါက ပေါင်းစည်းလယ်ယာအဖြစ် တိုးချဲ့ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး၌ ရောက်ရှိနေသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၃-၃-၂၀၁၂(စနေနေ့)။

နောက်တိုး ရန်သူမျိုး(၁)ပါး

လောကလူ့ရွာတွင် လူတို့ကြုံတွေ့နိုင်သည့် ဘေးငါးမျိုး ရှိသည်။ ယင်းကို ရန်သူမျိုး(၅)ပါးဟုလည်း ခေါ်သည်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူ၍ဖြစ်သည်။ ရေဘေး၊ မီးဘေး၊ မင်းပြစ်မင်းဒဏ်၊ ခိုးသူအန္တရာယ်၊ မိမိမချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်း (သို့) ချစ်နှစ်သက်သူနှင့် ကွေကွင်းရခြင်း(၅)မျိုးတို့သည် လူတို့ကို ဒုက္ခတွေ့စေနိုင်သော အကြောင်းတရားများ ဖြစ်သည်။ ထိုအန္တရာယ်(၅)မျိုးကို လူတိုင်းမကြုံတွေ့နိုင်၊ ကြုံတွေ့ရပြန်လျှင်လည်း ကာလအတိုင်းအရှည် ကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ အခိုက်အတန့်မျှသာဖြစ်စေ ကြုံတွေ့ရတတ်၏။

လူတို့မနှစ်သက်၊ လက်မခံသော ရန်သူမျိုး (၅)ပါးကို လူတို့ ဝေးစွာရှောင်ရှားကြ၏။ လွတ်အောင်လည်း လုပ်နိုင်တတ်၏။ သို့သော် ယနေ့ လူတို့လွတ်အောင်မရုန်းနိုင်သော ရန်သူမျိုး(၅)ပါးတွင် (၁)ပါးတိုးလာ၏။ တစ်နည်းဆိုသော် လူတို့သည် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေကြ၏။ ရသည့်စည်းစိမ်ဥစ္စာကို မပျက်စီး မဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ရန်သူမျိုး(၅)ပါး မဖျက်ဆီးနိုင်အောင် ဂရုမမူပြုကြ၏။ သို့သော် ရန်သူမျိုး(၅)ပါးကို ရှောင်ရှားခြင်း၊ ကာကွယ်ခြင်းတို့ကို ပြုနိုင်သော်လည်း မည်သို့မျှ ရှောင်လွှဲမရနိုင်သည့် ရန်သူမျိုး(၁)ပါးကိုမူ လူတို့ရသည့်နည်းဖြင့် ကာကွယ်ကြသကဲ့သို့ ရှောင်လွှဲ၍ မရနိုင်သည်ကိုလည်း လူတို့ဒိဋ္ဌမမွှ တွေ့မြင်လာကြရ၏။

ယင်းအသစ်အသစ်သော နောက်တိုးရန်သူမျိုး(၁)ပါးမှာ ကျန်းမာရေးချို့ယွင်းမှုပင် ဖြစ်တော့သည်။ ယင်းသည် ရန်သူမျိုး (၅)ပါးနှင့် အပေါင်းပါဖြစ်ရသည့်အကြောင်းမှာ ပစ္စက္ခကာလ လူတို့တွင် မမျှော်လင့်ဘဲ ဖြစ်ပွားရတတ်သော ရောဂါဝေဒနာဆန်းများကြောင့် အသက်ဆုံးရှုံးရမည့်အရေး ပူတွေးစိုးရွံ့ကာ ကယ်တင်စောင်မနိုင်သော နီးစပ်ရာအထူးကုဆေးခန်းသို့ ဒရောသောပါး အပြေးအလွှားသွားကြရာမှ စုဆောင်းထားသမျှ စည်းစိမ်ဥစ္စာများ ကုန်ဆုံးသွားသောကြောင့်ဖြစ်သည်။

ယင်းသည် မျက်မှောက်ကာလ၌ လူအများ လွယ်လွယ်ကူကူ ကြုံတွေ့လာရသော အဆင့်မြင့်နောက်တိုးရန်သူဖြစ်သည်။ ရန်သူမျိုး (၅)ပါးထက် အလွယ်တကူ အဖျက်အားပြင်းသော ရန်သူဖြစ်သည်။ လူတို့ ရေဘေးကိုလည်း ရှောင်နိုင်ပါ၏။ မီးဘေးကိုလည်း ရှောင်နိုင်ပါ၏။ မင်းပြစ်ကိုလည်း ရှောင်နိုင်ပါ၏။ ခိုးသူဘေးလည်း ရှောင်နိုင်ပါ၏။ မချစ်မနှစ်သက်သူဒုက္ခကိုလည်း ခံနိုင်ပါ၏။ သို့သော် အထူးကုဆေးခန်းနှင့် တွေ့ရမည့်အရေးကိုမူ ယနေ့ လူတို့ မရှောင်မလွှဲသာ ကြုံတွေ့ရပါ၏။

ယင်း၏ အဓိကလက်သည်တရားခံမှာ လူတို့၏နေထိုင်စားသောက်မှုဘဝများကို အလွဲအချော်ဖြစ်စေသည့် အကြောင်းတရားများကြောင့်သာ ဖြစ်သည်။ ယင်းကို ဆင်ခြင်ပါ၊ သတိပြုပါ၊ ရှောင်လွှဲပါ၊ မပြုလုပ်ပါနှင့်ဟု တွင်တွင်အသိပေးခဲ့သော်ငြားလည်း လူတို့၏ရလိုမှုနှင့် တပ်မက်မှုတဏှာကြောင့်သော်လည်းကောင်း၊ ဝိသမလောဘနှင့် ဥပဒေမဲ့မှုကြောင့်သော်လည်းကောင်း ကြောက်မက်ဖွယ်(၆)ပါးမြောက် ရန်သူမျိုးနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်ရာ ဖြစ်သူကလည်း လောက၊ ဓမ္မဉာဏ်ဖြင့် ဆင်ခြင်၊ ပြုသူကိုလည်း ထိထိရောက်ရောက် ရှာဖွေဖယ်ရှားဖို့လိုပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNFPA ဌာနေကိုယ်စားလှယ်နှင့် အကြံပေးအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ လူဦးရေသန်းခေါင်စာရင်းနှင့် အချက်အလက်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Christophe Lefranc နှင့် သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Ricardo Neupert တို့သည် မတ် ၁ ရက် ညနေ ၅ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနနှင့် UNFPA တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်ရေးကာလအတွင်း ဆောင်ရွက်ရန်အဆင့်များ၊ နည်းပညာနှင့် စက်ကိရိယာများလိုအပ်မှု၊ အခြားနိုင်ငံများ၏ အတွေ့အကြုံနှင့် ကြိုတင်ပြင်ဆင်သင့်သည့် အချက်များ၊ ကွင်းဆင်းလေ့လာမှုနှင့် သင်တန်းများဖွင့်လှစ်ပို့ချရန် လိုအပ်မှု၊ တွေ့ကြုံရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းဆိုင်ရာအခြေပြဇယားတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၃-၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၇၄၈	၀. ၀၃၂၇၁
တရုတ် (ယွမ်)	၆. ၃၀၁၂၄	၀. ၁၅၈၇၀
အိန္ဒိယ (ရူပီး)	၄၉. ၅၄၅၀	၀. ၀၂၀၁၀
မလေးရှား (ရင်းဂစ်)	၃. ၀၀၄၅၀	၀. ၃၃၂၈၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၀၈၉	၀. ၇၉၉၄၃
ဂျပန် (ယန်း)	၈၁. ၆၅၆၆	၀. ၀၁၂၂၅
တောင်ကိုရီးယား(ဝမ်)	၁၁၁၅. ၆၄	၀. ၀၀၀၉၀
ယူရို	၀. ၇၅၆၆၃	၁. ၃၂၁၆၄
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၄၉	၁. ၅၈၆၀၇

အင်တာနက်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ ပြည်သူများသို့ အသိပေးတင်ပြချက်

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက်လည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ **"မိုဘိုင်းဖုန်းကိစ္စနှင့်ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်၊ ဒီလုပ်ငန်းတွေပြီးတာနဲ့အမျှ ပြည်သူတွေရဲ့ ဆန္ဒကိုပြည့်ဝအောင် နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေနဲ့အညီ အကောင်းဆုံးနည်းလမ်းများ ရှာဖွေပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"** ဟူ၍ ထည့်သွင်းမိန့်ကြားသွားပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်နှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်သူများ မိုဘိုင်းတယ်လီဖုန်းသုံးစွဲရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ပိုမိုလွယ်ကူ၊ ကောင်းမွန်သက်သာစွာ သုံးစွဲနိုင်ရေးအတွက် အဆင့်လိုက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါ၍ **Postpaid/ Prepaid မိုဘိုင်းတယ်လီဖုန်း (GSM, CDMA-450, CDMA-800, WCDMA) များ၏ ပြည်တွင်းခေါ်ဆိုခနှုန်းထားများကို ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစ၍ ည ၁၁ နာရီမှ နံနက် ၇နာရီအတွင်း ခေါ်ဆိုမှုများကို မူလနှုန်းထား၏ ထက်ဝက်ဖြစ်သော တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့် လျှော့ချကောက်ခံသွားမည်**ဖြစ်ပြီး နံနက် ၇ နာရီမှ ည ၁၁ နာရီအတွင်း ခေါ်ဆိုမှုများကို မူလနှုန်းထားအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ဂျပန်နိုင်ငံအစိုးရ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲ (Workshop on Program for Economic Development) ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ Mr. Ichiro Maruyama ၊ ကုန်သည်၊ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့် JICA ဒုတိယဥက္ကဋ္ဌ Mr. Izumi Arai တို့က အဖွင့်အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းအထိ ကျင်းပသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၃-၂၀၁၂ (စနေနေ့)

- ၇း၀၅ တရားတော်
- ၇း၂၀ ဓမ္မပူဇာတေး
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ရွှေဟောင်းသုတ
- ၁၁း၂၅ -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ(အပိုင်း-၃၅)
- ၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ညမိုက် (ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့(အပိုင်း-၄)**
- ၄း၁၅ ရွှေဟောင်းသုတ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ လျှပ်တစ်ပြက်
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၇)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -လျှပ်တစ်ပြက်
  - -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ် (အပိုင်း-၁)**
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရုဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၆)**

သွေးသည် အသက်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မဲဇလီကျောင်းနေ ဦးစျာနသုခနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၁)လမ်း အမှတ် (၅၉) နေ ရဟန်းအစ်မ ဒေါ်တင်တင်ဦး၊ သမီး ဟန်ဝင့်သူသူ၊ ခိုင်သဉ္ဇာကို၊ သား သျှမ်းထက်လင်းတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေ လက်ခံစဉ်။

(ကြေးမုံ)

❖ပြည်သူများမှ
ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများ ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းစဉ်အလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတွင် မိမိကဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ကမ်းမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် ယခုဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ပုလဲမြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့အထွေထွေခွဲစိတ်ကုသပေးပွဲကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ၂၀၀၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မျက်စိဝေဒနာရှင်များ အလင်းရရှိစေရန် အခမဲ့ခွဲစိတ်ပေးခြင်း၊ ၂၀၁၀ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆောင်ရွက်ပေးလျက်ရှိသည့် အခမဲ့အထွေထွေခွဲစိတ်ကုသပေးပွဲတွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနှင့် ဝိတိုရိယဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများက စေတနာဖြင့် လာရောက်ကုသပေးခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဆေးဝါးစရိတ်များနှင့် အထွေထွေစရိတ်များကို အကုန်အကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မတည်ငွေကြေး အခက်အခဲရှိသည့်တောင်သူများ၊ မွေးမြူရေးသမားများ၊ အိမ်တွင်းလုပ်ငန်းရှင်များအတွက် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ပုလဲမြို့နယ်တွင် ငွေကျပ် သိန်း ၁၀၀၀၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်တို့အတွက် ငွေကျပ် သိန်း ၅၀၀ စီ မတည်၍ အသေးစားငွေချေးလုပ်ငန်းကို ဆောင်ရွက်ပေးထားပြီး ထပ်မံတိုးချဲ့ပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပုလဲမြို့နယ် မြောက်ယမားဆည်အနီးရှိ စိုက်ပျိုးရေမရရှိသေးသော ကျေးရွာများမှ လယ်မြေဧက ၉၀၀၀ ကျော် စိုက်ပျိုးရေရရှိရေးအတွက် လက်ယာရေပေး လက်တံမြောင်းသစ်တစ်ခုကို ထပ်မံဖောက်လုပ်ခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ဧကအထွက်တိုးရေးအတွက် အထွက်တိုးစပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများရှိ စာသင်ကျောင်းဆောင်များ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိရာ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများစွာကို ဖောက်လုပ်ပေးခဲ့ပြီး ယခုပွင့်လင်းရာသီအတွင်း ကျေးရွာချင်းဆက်လမ်းပေါင်း ၂၂ လမ်းကို ဦးစားပေးအစီအစဉ်အလိုက် ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အစီအစဉ်အဖြစ် အုန်းမွှန်းတောကျေးရွာတွင် ရေလှောင်ကန် တည်ဆောက်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် စီစဉ်ထားပြီဖြစ်ကြောင်း။

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လိုလားချက်ဖြစ်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတိုင်း ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းများ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး စီမံဆောင်ရွက်နေမှုများကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများနှင့် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း ပြည်သူ့အား၊ ထက်သန်မှန်ကန်သော ပြည်သူ့သဘောထားများဖြင့် ဖွံ့ဖြိုးတိုးတက်တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုငွေနှင့် ပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးအပ်ရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တနယ်ကျေးရွာစာသင်ကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ သစ်ကြီးတိုင်းကျေးရွာ၊ ဝက်ကျကျေးရွာ၊ ကံသစ်ကျေးရွာ၊ မင်းမအနောက်ကျေးရွာ၊ ကြူခြံကျေးရွာနှင့် ရေသာကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းစီ၊ ထန်းခင်းကြီးကျေးရွာ ကျောင်းအဆောက်အအုံအတွက် သွပ်ပြားအချပ် ၁၀၀၊ လုပ်သားကျေးရွာနှင့် ကွဲကျကျေးရွာတို့မှ ကျောင်းအဆောက်အအုံအတွက် သွပ်ပြား ၇၅ ချပ်စီတို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တောင်ပျောက်ကျေးရွာ၊ ကျေးနင်းကြီးကျေးရွာ၊ ကုက္ကိုစုကျေးရွာ၊ ရေကျောကျေးရွာ၊ ဝမ်းဘဲချိုင့်ကျေးရွာ၊ လက်တောင်းကြီးကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းစီ၊ မြောက်ပိတောက်ကုန်းကျေးရွာ၊ ဦးနှောက်ကျေးရွာနှင့် ပဲခင်းမကျေးရွာ ကျောင်းအဆောက်အအုံများအတွက် သွပ်အချပ် ၅၀ စီတို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က မကျီးကုန်းကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ ဖိုကုန်းကျေးရွာ၊ ခံတွင်းကျေးရွာ၊ အိုးဘိုကုန်းကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ငါးသိန်းစီ၊ အလယ်ဘုံကျေးရွာ အလင်းစေတမန် စာကြည့်တိုက် ခြံစည်းရိုးကာရန်အတွက် အလှူငွေကျပ်လေးသိန်း၊ အုန်းမွှန်းတောကျေးရွာ သောက်ရေကန်အတွက် အလှူငွေကျပ် သုံးသိန်း၊ မုံကြိုင်းကျေးရွာ စာသင်ကျောင်း၊ လဲကန်ကျေးရွာရေကာတာနှင့် ခေါ်သန္တိကျေးရွာ ရေကျော်တံတား တည်ဆောက်ရန်တို့အတွက် အလှူငွေကျပ်ငါးသိန်းစီတို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ဦးစိန်ဝင်းက ငပရင်း၊ မင်းမအရှေ့၊ တောင်ရွာသစ်၊ ကွဲကျနှင့် ကံကြီးရွာတို့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၁၀ နှင့် ကျောင်းသုံးဖတ်စာအုပ် ၁၀၁၀ စုံတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်အုပ်ရေ ၂၅၂၀ ကိုလည်းကောင်း ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညောင်ကုန်းကျေးရွာမှ ရပ်မိရပ်ဖ ဦးဝင်းတင်က ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ပေးမှုများနှင့် အခမဲ့အထွေထွေခွဲစိတ်ကုသပေးမှုတို့အတွက် ကျေးဇူးတင်ကြောင်း ဒေသခံပြည်သူများကိုယ်စား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြရာ ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာပြန်လည်နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲအခမ်းအနားတွင် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၈၇ သိန်း၊ သွပ်အချပ် ၄၀၀၊ ဗလာစာအုပ်ဒါဇင် ၁၀၁၀၊ ကျောင်းသုံးဖတ်စာအုပ် ၁၀၁၀ စုံနှင့် သုတရသ စာအုပ်စာစောင် ၂၅၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် တနယ်ကျေးရွာ စာသင်ကျောင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

◆ရွှေဖုံးမှ
ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွှေဘိုမြို့နယ်နှင့် ခင်ဦးမြို့နယ် သမဝါယမအသင်းစု၊ အသင်းများမှ အသင်းသား အသင်းဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သမဝါယမကဏ္ဍ၊ အသားကဏ္ဍနှင့် ငါးကဏ္ဍများခွဲခြား၍ အသင်းဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးကြပြီး တင်ပြချက်များနှင့်အခက်အခဲများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်၍ ဒုတိယကျောင်းအုပ်ကြီး ဦးအောင်သူရနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကန်သော လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့သော အလုပ်အကိုင်အခွင့်အလမ်းများအတွက် သမဝါယမ တက္ကသိုလ် ဘွဲ့ရ/ဒီပလိုမာရရှိသူများ အများအပြား လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ ဌာနဆိုင်ရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ဘွဲ့၊ ဒီဂရီ ရရုံမဟုတ်ဘဲ သမဝါယမပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်စေရန် စနစ်တကျလေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂

ပုသိမ်မြို့နယ်အသင်း (ရန်ကုန်)၏ (၉၁)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း အမှတ်(၂၀/၄၃-စီ)ရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မတ် ၂၀ ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၈၆ ၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ အသင်းတိုက်ဖုန်း-၀၁-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင်ရုံး(လွိုင်လင်)မှ ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က ကွန်ဟိန်းမြို့နယ် အဝေးပြေးကားဂိတ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးချစ်တင် ရှင်းလင်းဟောပြောစဉ်။ (ခရိုင်ကညန)

မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၂

ဖေဖော်ဝါရီ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် တကုန်းကြီးကျေးရွာအုပ်စု တစ်တီတူးချောင်ကျေးရွာ အမှတ်(၉)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ၂၀၂ သိန်း မတည်လှူဒါန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် အလှူရှင်များက ငွေကျပ် ၆၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၈၅၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပုသိမ်မြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ ပုသိမ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၊ ပန်းတနော်မြို့နယ် သားဖွားခန်းနှင့် ကန်ကြီးထောင့်မြို့နယ်ရှိ မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံတို့သို့ သွားရောက်ကြည့်ရှုကာ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်ခရိုင် တကုန်းကြီးကျေးရွာအုပ်စု တစ်တီတူးချောင်ကျေးရွာ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အလိမ္မာ စာမှာရှိ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

လန်ဒန်အိုလံပစ် အားကစားပွဲတော် ဗြိတိန်ဘုရင်မကြီး ဖွင့်လှစ်ပေးမည်

လန်ဒန် မတ် ၂

ဗြိတိန်နိုင်ငံ၏ ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘက်သည် ယခုနှစ်နွေရာသီတွင်ကျင်းပမည့် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပွဲတော်နှင့် မသန်စွမ်းသူများ ပါဝင်ယှဉ်ပြိုင်မည့် အားကစားပွဲတော်တို့ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က မတ် ၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ အားကစားပွဲတော်နှစ်ရပ်စလုံးကို နိုင်ငံတော်၏ ထိပ်တန်းအခမ်းအနားအဖြစ် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အားကစားပွဲတော်ကို ဘုရင်မကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အိုလံပစ်အားကစားပွဲတော်ကို ဇူလိုင် ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အိုလံပစ်အားကစားပြိုင်ပွဲရုံမှာ ထိုင်ခုံနေရာ ၈၀၀၀၀ ရှိပြီး ဖွင့်ပွဲအခမ်းအနားသို့ ဘုရင်မကြီး အယ်လီဇဘက်နှင့် ကြင်ရာတော် ဖိလစ်မင်းသားကြီးတို့ တက်ရောက်ချီးမြှင့်ကြမည်ဖြစ်သည်။

ဘုရင်မကြီးသည် ဖခမည်းတော်နှင့် ဘိုးတော်တို့၏ ခြေရာကိုနင်းသည့် လုပ်ဆောင်ချက်တစ်ရပ်အဖြစ် အိုလံပစ်အားကစားပွဲတော်ကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အယ်လီဇဘက်၏ ဖခင်(ကွယ်လွန်သူ) ဆဋ္ဌမမြောက် ဂျော့ဂျ်ဘုရင်သည် ၁၉၄၈ ခုနှစ်က လန်ဒန်အိုလံပစ်အားကစားပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။ အယ်လီဇဘက်၏ ဘိုးတော် သတ္တမမြောက် အက်ဒွပ်ဘုရင်ကလည်း ၁၉၀၈ခုနှစ် လန်ဒန်အိုလံပစ်အားကစားပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

အင်တာနက်။

၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲ ကျင်းပမည့် လန်ဒန်မြို့မှ အားကစားရုံသစ်ကြီးကို တွေ့ရစဉ်။

မြို့တော် ပြုံယမ်း၌ စစ်ရေးပြအခမ်းအနား တစ်ရပ်တွင် ဒုံးပျံတပ်ဖွဲ့ အင်အားပြသစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားစမ်းသပ်မှု ဆိုင်းငံ့ထားရန် မြောက်ကိုရီးယားနိုင်ငံသဘောတူညီ

ပြုံယမ်း မတ် ၂

နျူကလီးယားစမ်းသပ်မှုများနှင့် ယူရေနီယမ်သန့်စင်မှုအစီအစဉ်များကို ဆိုင်းငံ့ထားရန် မြောက်ကိုရီးယားခေါင်းဆောင်ပိုင်းက သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ စားနပ်ရိက္ခာအကူအညီပေးမည့်အစီအစဉ်တစ်စိတ်တစ်ဒေသအရ နျူကလီးယားစမ်းသပ်မှုများကို မြောက်ကိုရီးယားဘက်မှ ရပ်တန့်ပေးမည်ဖြစ်သည်။

မြောက်ကိုရီးယားနှင့် အမေရိကန်တာဝန်ရှိသူများသည် လွန်ခဲ့သည့်ရက်သတ္တပတ်က တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် အထက်ပါအတိုင်း သဘောတူညီခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသို့ စားနပ်ရိက္ခာတန်ချိန် ၂၄၀၀၀၀ ထောက်ပံ့ပေးရန်ကတိပြုခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

ဗြိတိန်မှ အပျော်စီး သင်္ဘောနှစ်စင်းကို အာဂျင်တီးနားဆိပ်ကမ်း၌ ဆိုက်ကပ်ခွင့်မပြု

လန်ဒန် မတ် ၂

ဖောက်ကလန်ကျွန်းစုသို့ အလည်အပတ်ရောက်ရှိခဲ့သော အပျော်စီးသင်္ဘောကြီးနှစ်စင်းကို အာဂျင်တီးနားနိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုက ဝင်ရောက်ဆိုက်ကပ်ခွင့်မပြုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံမှ အပျော်စီးသင်္ဘောကြီးနှစ်စင်းသည် ဖေဖော်ဝါရီ ၂၅ရက်က ဖောက်ကလန်ကျွန်းစု၌ ဆိုက်ကပ် ရပ်နားခဲ့ပြီးနောက် အာဂျင်တီးနားနိုင်ငံတောင်ပိုင်းရှိ အူရှာရီးယားဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားခွင့် ပိတ်ပင်ခံရကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဒိုနီးယားနှင့် စတားပရင့်ဆက်အမည်ရှိ အပျော်စီးသင်္ဘောကြီးနှစ်စင်းကို ဆိုက်ကပ်ရပ်နားခွင့်ပေးရန် အူရှာရီးယားဆိပ်ကမ်းက ငြင်းဆန်ခဲ့ခြင်းအတွက် မိမိတို့စိုးရိမ်ပူပန်မိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရပ်ဘက်သင်္ဘောများ၏ လွတ်လပ်စွာကူးသန်းသွားလာခွင့်ကို ပိတ်ပင်ခြင်း မပြုသင့်ကြောင်း ၎င်းက ပြောကြားသည်။

ဗြိတိသျှသံတမန်များသည် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းချက်ရရှိနိုင်ရန် အပူတပြင်း ကြိုးပမ်းလျက်ရှိပြီး သက်ဆိုင်ရာသင်္ဘောလုပ်ငန်းကုမ္ပဏီနှင့် မိမိတို့အဆက်အသွယ်ပြုလုပ်နေကြောင်း ၎င်းက ပြောကြားသည်။

ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ဖောက်ကလန်ကျွန်းစု ပိုင်ဆိုင်မှုအရေးကိစ္စနှင့်ပတ်သက်၍ တင်းမာမှုမှာ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ ***အင်တာနက်။***

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်၌ လာမည့်နှစ်တွင် ခရီးသည်များ နားနေဆောင်အသစ် ဆောက်လုပ်မည်

စင်ကာပူ မတ် ၂

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်၌ ခရီးသည်များနားနေဆောင်အသစ်ကို တည်ဆောက်နိုင်ရန်ရည်ရွယ်လျက် လေယာဉ်လက်မှတ်ခ ဈေးချိုချိုဖြင့် ပျံသန်းပေးသော လေကြောင်းဌာနများက အသုံးပြုလျက်ရှိသည့် ခရီးသည်များ နားနေဆောင်အဆောက်အအုံကို စက်တင်ဘာ ၂၅ ရက်တွင် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁ ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၁၃ ခုနှစ်တွင် ခရီးသည်များ နားနေဆောင်သစ်ကို စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၇ခုနှစ်ထက်နောက်မကျဘဲ အဆိုပါနားနေဆောင် အဆောက်အအုံသစ်ကို ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရကြောင်း ချန်ဂီလေဆိပ်အုပ်စုက အတည်ပြုပြောကြားသည်။

အသစ်တည်ဆောက်မည့် ခရီးသည်များ နားနေဆောင်အဆောက်အအုံသည် ယခင်တည်ရှိခဲ့သော အဆောက်အအုံထက် အရွယ်အစားပိုမိုကြီးမားမည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၁၆ သန်းအတွက် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်သည် လွန်ခဲ့သည့်နှစ်က ခရီးသည်အဝင်အထွက် ၄၆ဒသမ ၅သန်းအတွက် ဝန်ဆောင်မှုပေးခဲ့သည်။ ***အင်တာနက်။***

တောင်ကိုရီးယားနိုင်ငံ ချေဂျူးကျွန်း၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ချေဂျူးကျွန်း၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်မည်

ဆိုးလ် မတ် ၂

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ အပန်းဖြေကျွန်းဖြစ်သော ချေဂျူးကျွန်း၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၂၉ရက်တွင် ပြောကြားလိုက်သည်။

ချေဂျူးကျွန်း၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ်နောက်ဆုံးထား၍ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ကင်ဟွန်ဆစ်က ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါရေတပ်စခန်း တည်ဆောက်ရေးစီမံကိန်းသည် အမျိုးသားလုံခြုံရေးအတွက် အလွန်အရေးကြီးကြောင်း၊ ယင်းရေတပ်စခန်းတည်ဆောက်မှုလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံရေးအငြင်းပွားမှုများ ဖြစ်ပေါ်နေမှုကို အဆုံးသတ်ရန်လိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ ရေတပ်စခန်းတည်ဆောက်မှုလုပ်ငန်းပြီးစီးရန် အစိုးရအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ရေတပ်စခန်းအနီးဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ဝမ်ငွေ ၅၇၈ဒသမ ၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၁၇သန်း)ကျခံသုံးစွဲသွားရန် ဆုံးဖြတ်ခဲ့သည်။

ဆင်ဟွာ။

တာဝေးပစ် ဒုံးလက်နက်သစ် အိန္ဒိယနိုင်ငံ စမ်းသပ်မည်

နယူးဒေလီ မတ် ၂

အိန္ဒိယနိုင်ငံသည် မတ်လနောက်ဆုံးရက်သတ္တပတ်သို့မဟုတ် ဧပြီလ ပထမပတ်အတွင်း တာဝေးပစ်ဒုံးလက်နက်ကို စမ်းသပ်ပစ်ခတ်မည်ဖြစ်ကြောင်း ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ အကြီးအကဲနှင့် ဝန်ကြီးချုပ်၏ သိပ္ပံရေးရာအကြံပေးပုဂ္ဂိုလ် ဗွီဆာရက်ဝပ်က မတ် ၁ရက်တွင် ပြောကြားသည်။ လာမည့်တစ်နှစ်တာကာလအတွင်း မြေပြင်မှ မြေပြင်ပစ်တာဝေးပစ်ဒုံးလက်နက်ဖြစ်သော အဂ္ဂနိ-၅ ဒုံးလက်နက်ကို စမ်းသပ်ပစ်ခတ်မှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဂ္ဂနိ-၅ ဒုံးလက်နက်သည် ကီလိုမီတာ ၅၀၀၀ အကွာအဝေးအထိပစ်ခတ်နိုင်ပြီးအလေးချိန်တစ်တန်ရှိ နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိသည်။

အဂ္ဂနိ-၅ ဒုံးလက်နက်သည် တန်ချိန် ၅၀ ရှိပြီး အရှည် ၁၇ ဒသမ ၂ မီတာရှိကာ အချင်းနှစ်မီတာရှိသည်။ **ဆင်ဟွာ။**

ဖိလစ်ပိုင်၌ လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် ဆေးရွက်ကြီးထုတ်လုပ်မှု ကျဆင်းဖွယ်ရှိ

မနီလာ မတ် ၂

ဖိလစ်ပိုင်နိုင်ငံ၏ ဆေးရွက်ကြီး ထုတ်လုပ်မှုသည် လာနီညာရာသီဥတုဖြစ်စဉ်၏ ဆိုးကျိုးသက်ရောက်မှုကြောင့် ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း ပြည်ထောင်စုဆေးရွက်ကြီး စီမံခန့်ခွဲရေးအဖွဲ့က မတ် ၂ ရက်တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းရှိ ဆေးရွက်ကြီးထုတ်လုပ်ရေးခြံများသည် လာနီညာရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကို အဓိကတွေ့ကြုံခံစားကြရကြောင်း၊ ယခုနှစ်တွင် ဆေးရွက်ကြီး ထုတ်လုပ်မှုကျဆင်းကာ ကီလိုဂရမ် ၇၈သန်းအထိသာ ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း အဆိုပါအဖွဲ့၏အကြီးအကဲ အက်ဂါဒိုဇာ ရာဂိုဇာက ပြောကြားသည်။ ၂၀၁၀ပြည့်နှစ်က ဆေးရွက်ထုတ်လုပ်မှုသည် ကီလိုဂရမ် ၇၃ဒသမ ၇၅သန်းအထိ ရှိခဲ့သည်။ ***ဆင်ဟွာ။***

(၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပ အာဆီယံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ (11th Conference of ASEAN Minister Responsible for Information - 11th AMRI) သို့ တက်ရောက်ခဲ့သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းတွင် ကွာလာလမ်ပူမြို့ Royale Chulan Hotel ဟိုတယ်၌ ကျင်းပရာ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin၊ အာဆီယံ ပြန်ကြားရေးဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာ၌ အာဆီယံပြည်သူများအကြား သတင်းအချက်အလက်များ သွက်လက်စွာ ရောက်ရှိမှုသာ အာဆီယံအသိအမြင်နှင့် အခြားအသိအမြင်ဗဟုသုတ ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သမားရိုးကျမီဒီယာများသာမက လူထုဆက်သွယ်ရေးနည်းလမ်း မီဒီယာသစ် (social media) များအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးပို့နိုင်မည့် အခြေအနေနှင့် လမ်းကြောင်းများစွာကို ခင်းကျင်းတည်ဆောက်ပေးထားသင့်ကြောင်း၊ သို့မှသာ အာဆီယံပြည်သူများအနေဖြင့် ခေတ်နောက်ကျကျန်နေခြင်းမရှိသည့်အပြင် သတင်းအချက်အလက်မှန်များကို သိရှိနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ တံခါးပိတ်အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မလေးရှားနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Dato' Seri Utama Dr. Rais Yatim က ဆောင်ရွက်ပြီး ဒုတိယသဘာပတိအဖြစ် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ ညီလာခံ၏ Theme ဖြစ်သော Media: Connecting Peoples and Bridging Cultures Towards One ASEAN Community (တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၊ ပြည်သူများနှင့် ယဉ်ကျေးမှုအစဉ်အလာများကို မီဒီယာဖြင့် ပေါင်းကူးပေး)နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မီဒီယာကို အာဆီယံ ပြည်သူများ၏ ကောင်းရာကောင်းကျိုး ဖော်ဆောင်ပေးမည့်လုပ်ငန်းများတွင် အသုံးချရေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်ရေး၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ပြန်ကြားရေးကဏ္ဍမှ ပိုမိုအထောက်အကူပြုနိုင်ရေးဆိုင်ရာများ၊ မိတ်ဖက်(၃)နိုင်ငံနှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်အဖြစ် အခိုင်အမာတည်ဆောက်နေသည့် လုပ်ငန်းများ၊ မီဒီယာကဏ္ဍတွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများနှင့် မီဒီယာလွတ်လပ်ခွင့်အတွက် ဖြေလျှော့ပေးနေမှုများကို ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့က ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ ပြည်သူများအကြား အာဆီယံအသိအမြင် ကြွယ်ဝရေး၊ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေသော အာဆီယံပြန်ကြားရေးစီမံကိန်းများ၊ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်နိုင်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ၊ မိတ်ဖက်(၃)နိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့နှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယအကြိမ် အာဆီယံ ပြန်ကြားရေးဝန်ကြီးများနှင့် မိတ်ဖက်(၃)နိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (2nd AMRI + 3) ကို မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးဝင်းက အစည်းအဝေး ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ (၁၁)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများညီလာခံ ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ အိမ်ရှင် မလေးရှားနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးစိုးဝင်းတို့က ရှင်းလင်းပြောကြားကာ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

(၁၁)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ ညီလာခံ၏ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (11th AMRI, Senior Official Meeting) ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ်မြောက် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဖက်(၃)နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (2nd SOMRI +3) ကို ဖေဖော်ဝါရီ ၂၉ ရက်တွင် လည်းကောင်း ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့်အဖွဲ့ တက်ရောက်ခဲ့သည်။

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

ဗီတာမင်အေအားဆေး တိုက်ကျွေးဆောင်ရွက်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့သည် ခြောက်လတစ်ကြိမ်စီမံချက်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာန ရပ်ကွက်ကျန်းမာရေးဆရာမ ဒေါ်အေးအေးတင်၊ ဒေါ်အိဝါလှိုင်တို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရပ်ကွက်အတွင်းရှိ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ် ၃၁၇ ဦးအား ဗီတာမင်အေအားဆေးနှင့် သန်ချဆေးများကို တိုက်ကျွေးကြကြောင်း သိရသည်။ (၆၈၄)

နေပြည်တော် တပ်ကုန်းမြို့ နဝင်းချောင်းတံတားနှင့် ရွာသစ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

တပ်ကုန်းနှင့် ပျဉ်းမနားမြို့တို့၌ တံတားနှင့်လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် မတ် ၂

နေပြည်တော် တပ်ကုန်းမြို့ နဝင်းချောင်းတံတားနှင့် ရွာသစ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား၊ နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီ(၉)လမ်းတံတားနှင့် ဗိုလ်သန်းတင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါ ဖွင့်ပွဲမုခ်ဦးနေရာများ၌ ကျင်းပသည်။

တပ်ကုန်းမြို့ရှိ နဝင်းချောင်းတံတားသည် အရှည်ပေ ၁၆၀ နှင့် အကျယ် ၁၂ ပေရှိပြီး ယာဉ်များသွားလာရာတွင် ခိုင်ခံ့မှုရှိစေရန် ငွေကျပ် ၂၇၅ သိန်းခန့် အကုန်အကျခံ၍ ပြုပြင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တံတားနှင့် ဆက်စပ်လျက်ရှိသော အရှည်ပေ ၃၂၀၀ နှင့် အကျယ် ၁၂ ပေရှိ ရွာသစ်လမ်းကို ငွေကျပ် ၃၈၉ သိန်း အကုန်အကျခံ ပြုပြင်ပေးခဲ့ပြီး ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ရွာသစ်ကျေးရွာ၊ ဗျိုင်းအင်းကျေးရွာနှင့် အောင်မြေရိပ်သာကျေးရွာနေ ပြည်သူများ တပ်ကုန်းမြို့သို့ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

ပျဉ်းမနားမြို့ရှိ ရွှေချီ(၉)လမ်း တံတားသည် အရှည်ပေ ၁၅၀ နှင့် အကျယ် ၁၂ ပေရှိပြီး ယာဉ်များသွားလာရာတွင် ခိုင်ခံ့မှုမရှိ၍ အန္တရာယ်ရှိသည့်အတွက် ငွေကျပ် သိန်း ၆၃၀ ခန့် အကုန်အကျခံ ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားနှင့် ဆက်စပ်လျက်ရှိသော ဗိုလ်သန်းတင်လမ်းမှာ အရှည် ၁၉၃၅ ပေနှင့် အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၂၂၆ သိန်း အကုန်အကျခံ၍ ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ပြီး ရန်ကုန်-မန္တလေး လမ်းဟောင်းမှ ပျဉ်းမနားမြို့တွင်းသို့ သွားလာရာတွင်လည်းကောင်း၊ ပျဉ်းမနားမြို့မဈေး၊ ကျောင်းနှင့် ဆေးရုံများသို့ သွားလာရာတွင် လည်းကောင်း အချက်အချာကျသော လမ်းဖြစ်၍ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးကံချွန်၊ ဦးမြင့်ရွှေနှင့် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၃-၂၀၁၂ (စနေနေ့)

၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	“သုတရောင်စုံပန်းခင်း”
၈း၂၀	ကဗျာပန်းဥယျာဉ်
၈း၃၀	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၁၁း၅၀	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၂း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရဲစုံထောက်ဘတ်ဂျောင်ဂွန်း” (အပိုင်း-၅၄)**
၄း၂၀	“ကုသမနေ့းတီဘီဘေး”
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅း၀၅	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၁၅	International Science News
၅း၃၀	“အနုပညာကြေးမုံတစ်ချပ်ကို စံစားကြည့်ခြင်း” (နန်းတော်ရှေ့ဆရာတင်၏ သီချင်းများဝင်းဦးသီဆိုသည်)
၅း၅၀	လှပစုံလင်အာဆီယံတစ်ခွင်
၆း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ချိုချိုကြင်နာပို”(အပိုင်း-၁၈)
၇း၄၅	“ဂန္ထဝင်စံထားသံလွင်တံတား (မော်လမြိုင်)မှသည် ရာမညသား အိပ်မက်များ နိုးထနိုင်ပြီ”
၇း၅၀	“ဘယ်လိုမဲပေးကြမှာလဲ” (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	ပြည်တွင်းသတင်း **-ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ) (အပိုင်း-၉၆) -နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ” (အပိုင်း-၁၉)**

အမြင်သစ်စာကြည့်တိုက် နှစ်ပတ်လည်ဂုဏ်ပြုပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက်တွင် အမြင်သစ်စာကြည့်တိုက် ဒုတိယအကြိမ် နှစ်ပတ်လည်နေ့ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ယင်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကဂုဏ်ပြုအမှာစကားပြောကြားပြီး စာကြည့်တိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တစ်နှစ်ပတ်လုံး စာအုပ်စာတမ်းများ ငှားရမ်းဖတ်ရှုခြင်း (တစ်နှစ်ပတ်လုံး စာဖတ်အများဆုံးဆု)၊ စာကြည့်တိုက် အလှူရှင်များနှင့် စာကြည့်တိုက် ကော်မတီဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြရာ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းများကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက စာအုပ်စာစောင်များကို စာကြည့်တိုက်သို့ လှူဒါန်းသည်။

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ ရုပ်ရှင်ဒါရိုက်တာအကယ်ဒမီ ကြည်စိုးထွန်းက စာပေမှ ရုပ်ရှင်သို့ ခေါင်းစဉ်ဖြင့် ဒါရိုက်တာဘဝအတွေ့အကြုံများကို လည်းကောင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)က သူရဲကောင်းခေါင်းစဉ်ဖြင့် သုတရသစာပေအကြောင်းအရာများကို လည်းကောင်း၊ နုနုရည်(အင်းဝ)က ကျွန်မသိတဲ့ စာဖတ်ခြင်း၊ ကျွန်မသိတဲ့ မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် စာပေအတွေ့အကြုံများကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။**(ယာပုံ)**

(၆၈၄)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစီး

တစ်ဆုပ်ဆန်မှသည် မွေးမြူရေးအာမခံစနစ်ဆီသို့

မောင်အောင်
(မွေးကု)

"ကဲ မောင်အောင်ရေ၊ ငါသိချင်တာလေးတစ်ခု မင်းကိုမေးချင်တယ်။ မင်းပြောခဲ့သလို ကြက်ငှက်တုပ်ကွေးဖြစ်တုန်းက ကြက်တွေသောင်းနဲ့ချီပြီး သေတာရှိတယ်။ ရောဂါကူးစက်မှာစိုးလို့ ဖျက်ဆီးခဲ့ရတာရှိတယ်။ အဲဒီဆုံးရှုံးတဲ့မွေးမြူရေးသမားတွေအတွက် မင်းတို့ဌာနက ဘာပြန်ပြီးလုပ်ပေးသလဲ။ ငါကြားရသလောက်တော့ တချို့မွေးမြူရေးသမားတွေဆို နာလန်တောင်မထူနိုင်တော့ဘဲ ကြက်ဆိုရင် ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင် ဖြစ်ကုန်တယ်ကြားတယ်"

ဦးကြီး၏ အမေးကြောင့် ကျွန်တော်တို့စကားဝိုင်းကို နားထောင်နေကြသူများ "ဝါး"ခနဲ ရယ်လိုက်ကြသည်။

"ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က မေးသေးတယ်ကြားတယ်။ မွေးမြူရေးဆိုတာ ဒို့ရွာသားတွေရဲ့ ဒုတိယဝင်ငွေလို့ပြောလို့ရသလို အရေးကြီးတဲ့ ဝင်ငွေကွ။ အဲဒီအတွက် မင်းတို့ဘာလုပ်ပေးဖို့ အစီအစဉ်ရှိသလဲ"

ရေနွေးကြမ်းမှုတ်သောက်နေသဖြင့် အဖြေမပေးသေးသည့် ကျွန်တော့်ကို ဦးကြီး၏မေးခွန်းများက ဆင့်ကဲဆင့်ကဲထပ်လာသည်။ ပြီးတော့ ဦးကြီးကလည်း ရေဒီယိုနားထောင်၊ သတင်းစာဖတ်ထား၍ ဦးကြီး၏မေးခွန်းများက အချက်အလက်ပိုင်နိုင်လှသည်။

"ဟုတ်ပါတယ် ဦးကြီး။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှာ ရခိုင်ပြည်နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "နိုင်ငံတော်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသားလုပ်ငန်းရှင်များမနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း" အဆို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အကျေအလည်ဆွေးနွေးကြပြီး ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးကလည်း ပြန်ပြီးရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

"ဒီဆွေးနွေးချက်တွေကို ပြန်ပြီးချုပ်လိုက်ရင်တော့ ပထမအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့တဲ့ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယအကြိမ်ဖြစ်ပွားခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ တတိယအကြိမ်ဖြစ်ပွားတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှာ ကြက်ငှက်သုတ်သင်ဖျက်ဆီးခံရတဲ့ မွေးမြူသူတွေကို ရောဂါဖြစ်ပွားမှုသတင်းပေးပို့ရာမှာ လွယ်ကူလျင်မြန်စေဖို့ GSM လက်ကိုင်ဖုန်း၊ တိရစ္ဆာန်သုံးဆေးဝါးနဲ့ ရက်သားကြက်ငယ်တွေကို ဒေသအာဏာပိုင်၊ ကျွန်တော်တို့ဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကလည်း ချေးငွေထုတ်ချေးပေးခဲ့တာရှိပါတယ်"

"ငွေချေးပေးရုံနဲ့တော့ မင်းတို့ဥစ္စာမလုံလောက်ဘူးထင်တယ်။ ငွေချေးတာပြန်ပြီးမဆပ်လို့မှမရတာ။ ဒီပြင်နိုင်ငံတွေမှာရော အခုလို သုတ်သင်ဖျက်ဆီးရင် ဘယ်လိုလုပ်ကြသလဲ။ လျော်ကြေးပေးတာရှိသလား" ဦးကြီး၏ စကားက အမှန်တရား ဖြစ်နေ၍ ကျွန်တော်တို့စကားဝိုင်းတွင် နားထောင်နေသူအာလုံးက ကျွန်တော့်မျက်နှာကို ဝိုင်း၍ ကြည့်လာကြသည်။ သူတို့တစ်တွေ အဖြေသိချင်ပုံရသည်။

"ဟုတ်ပါတယ် ဦးကြီး။ ငွေချေးတာက လတ်တလောအခြေအနေကို ဖြေရှင်းပေးတာပါ။ ပြန်ပြီးထူထောင်လို့ရအောင် လုပ်ပေးတာပါ။ ကျွန်တော်တို့အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှာ လျော်ကြေးပေးတာ၊ ထောက်ပံ့ကြေးပေးတာရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ ဈေးကွက်ပေါက်ဈေးရဲ့ ၁၅ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းလောက်အထိ ထောက်ပံ့ကြေးပေးကြပါတယ်။ တချို့နိုင်ငံတွေမှာတော့ နိုင်ငံရဲ့စီးပွားရေးအပေါ်မူတည်ပြီး ထောက်ပံ့ကြေးလုံးဝမပေးတာလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထောက်ပံ့ကြေးပေးနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃ ရက်နေ့ကပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်က မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တွေ၊ မွေးမြူရေးဇုန်တာဝန်ခံတွေနဲ့ ကြက်မွေးမြူရေးလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ ရန်ကုန်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးမှာတွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်ပါတယ်။ ထောက်ပံ့ကြေးပေးနိုင်အောင် အဖြေရှာပါတယ်။"

"မင်းတို့အလုပ်ရုံဆွေးနွေးပွဲက ဘာအဖြေရသလဲ။ မင်းတို့ဘယ်လိုလုပ်ကြမလဲ" အလျင်စလိုမေးလာသော ဦးကြီး၏ မေးခွန်းက မွေးမြူရေးထောက်ပံ့ကြေးနှင့် ပတ်သက်၍ သူတို့တစ်တွေ မည်မျှစိတ်ဝင်စားနေသည်ကို ဖော်ပြနေပါသည်။

"အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော် မွေးမြူရေးသမားတွေကို ရှင်းပြတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်ကစပြီး ကြက်ငှက်တုပ်ကွေးရောဂါ ငါးကြိမ်ဖြစ်ခဲ့တဲ့အကြောင်း၊ ရောဂါဖြစ်တဲ့အခါတိုင်း ရောဂါဖြစ်တဲ့သတင်းကို ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို စောစောပေးရင်၊ ကျွန်တော်တို့ စောစောသိရင် ရောဂါကိုမြန်မြန်ထိန်းချုပ်နိုင်ကြောင်း၊ မွေးမြူရေးသမားတွေ ရောဂါဖြစ်တဲ့ကြက်ကို ထုတ်မရောင်းဖို့၊ သတင်းစောစောပေးဖို့က သုတ်သင်ဖျက်ဆီးခံရတဲ့ကြက်အတွက် ထောက်ပံ့ကြေးပေးမှ သတင်းစောစောသိရမှာဖြစ်ကြောင်း၊ ဒီ့အတွက် ထောက်ပံ့ကြေး ရန်ပုံငွေတစ်ရပ်ထူထောင်ထားဖို့လိုကြောင်း ရှင်းပြတယ်"

"ငါ့တူနှယ် ရှည်ရန်ကော။ အဲဒါ မင်းပြောမှမဟုတ်ဘူးလေ။ ငါတို့သိပြီးသား ချည်းလေ။ ငါတို့သိချင်တာက အဲဒီရန်ပုံငွေ မင်းတို့ဘယ်လိုထူထောင်မလဲ။ အစိုးရက ထုတ်ပေးမှာလား။ နိုင်ငံခြားက ထောက်ပံ့မှာလား။ အဲဒါသိချင်တာ"

ဦးကြီး၏အငေါ်တူးသံကပင် ရှင်းပြနေသည့် ကျွန်တော့်အတွက် အားတက်စရာပင်။

"ဒီရန်ပုံငွေကို ဘယ်နိုင်ငံခြားကမှလည်း မပေးဘူး။ ကျွန်တော်တို့ ပြည်တွင်းပြဿနာ ကျွန်တော်တို့ဘာသာဖြေရှင်းရမှာ။ ကျွန်တော်တို့ပြည်တွင်းအားနဲ့ ကျွန်တော်တို့ဘာသာစုဆောင်းရမှာ၊ ထူထောင်ရမှာ။ ကျွန်တော်တို့မွေးမြူရေးသမားတွေ ကိုယ့်အားကိုယ်ကိုးရမှာ။ ဦးကြီးလည်းသိသားပဲလေ။ ကျွန်တော်တို့ငယ်ငယ်တုန်းက အိမ်မှာ တစ်ဆုပ်ဆန်အမြဲစုတယ်။ ထမင်းချက်ခါနီး ဆန်မဆေးခင် ချက်မယ့်ထမင်းအိုးထဲက ဆန်တစ်ဆုပ်နှိုက်ပြီး အိုးတစ်လုံးနဲ့စုထားတယ်။ တစ်လ နှစ်လကြာတော့ ပြုန်းခနဲ ဆန်မဝယ်ဖြစ်လို့ ဆန်ကုန်သွားရင် စုထားတဲ့တစ်ဆုပ်ဆန်အိုးထဲကနေ ယူပြီး ချက်လို့ရတယ်လေ။ အခုလည်း အဲဒီစနစ်ကို ကျွန်တော်တို့လုပ်မှာ"

"အေးပါ၊ အဲဒါကမင်းတို့ကို ငါသင်ခဲ့တာပါ မောင်အောင်ရာ။ အခုငါသိချင်တာက ဒို့မွေးမြူရေးထောက်ပံ့ကြေးဘယ်လိုစုမလဲ။ ဒို့မွေးမြူရေးသမားတွေအတွက် အာမခံချက်ဘယ်လိုပေးမလဲ။ အဲဒါသိချင်တာပါ"

"ဟုတ်ပါတယ် ဦးကြီး။ ကျွန်တော်တို့မွေးမြူရေးသမားတွေ စုစည်းကြဖို့လိုတယ်။ ညီညွတ်ကြဖို့လိုတယ်။ ရက်သားကြက်ကလေးတွေ စပြီးမွေးကတည်းက ကြက်ပေါက်ရောင်းတဲ့ ဖောက်စက်တွေက တစ်ကောင်ကို တစ်ကျပ်နှုန်းဖြစ်ဖြစ်၊ တစ်ဆယ်နှုန်းဖြစ်ဖြစ် ဒီမွေးမြူရေးထောက်ပံ့ကြေး ရန်ပုံငွေထဲ ထည့်ဖို့လိုတယ်။ ရန်ကုန်က ကြက်ပေါက်ဖြန့်တဲ့ ဖောက်စက်တွေဆိုရင် တစ်လကို ကြက်ပေါက်ကောင်ရေ ငါးသိန်းလောက် ဖြန့်တယ်။ တစ်ကောင်ကို တစ်ဆယ်နှုန်းနဲ့ ရန်ပုံငွေထဲ ထည့်မယ်ဆိုရင် တစ်လကို သိန်း ၅၀ လောက်ရမယ်။ အဲဒီလိုပဲ ကြက်ဥ၊ ဘဲဥ ဖြန့်တဲ့လူ၊ ရောင်းတဲ့လူတွေ ကြက်ဥ၊ ဘဲဥတစ်လုံး တစ်ကျပ်နဲ့ ကောက်ပြီး ဒီရန်ပုံငွေထဲ ထည့်မယ်ဆိုရင် ရန်ပုံငွေ အများကြီးရမှာ။ ရန်ကုန်မှာတစ်နေ့ကို ကြက်ဥ လေးသိန်းလောက်နဲ့ ဘဲဥ နှစ်သိန်းလောက် အဝင်အထွက်ရှိတယ်။ တစ်လုံး တစ်ကျပ်နဲ့ဆိုရင်ကို တစ်နေ့ငါးသိန်း၊ ခြောက်သိန်း၊ ကြက်ဥ၊ ဘဲဥကနေ ရန်ပုံငွေအတွက်ရမှာ။ တစ်လကို သိန်း ၁၅၀-၂၀၀ ဆိုတာ သာသာလေးပဲ။ အဲဒီလိုပဲ ကြက်ထုတ်ပြီးရောင်းတဲ့အချိန်မှာ ငွေစုထားလိုက်ရင် အရေးပေါ် ပေါ်လာတဲ့အချိန်မှာ ဒီငွေက ထူထောင်ရေး ရန်ပုံငွေ ပြန်ပြီး လုပ်လို့ရတာပေါ့ ဦးကြီးရယ်"

"မင်းဟာက ဒီလိုကျတော့လည်း ဟုတ်သားကွ။ အဲ ဒါပေမယ့် အဲဒီလို လုပ်နေတဲ့အဖွဲ့ရောရှိသလား။ ဘယ်အဖွဲ့လုပ်နေသလဲ။ ငွေရော ဘယ်လောက်စုမိပြီလဲ"

"ရှိတာပေါ့ ဦးကြီးရဲ့၊ ရန်ကုန်တိုင်းဒေသကြီး အသားတိုးကြက်မွေးမြူရေးအသင်းဆိုရင် ရန်ကုန် မင်္ဂလာတောင်ညွန့် ကြက်ဘဲဒိုင်ကို ဝင်ကြ၊ ရောင်းကြတဲ့ ကြက်ဘဲတွေအပေါ်မှာ တစ်ကောင်တစ်ကျပ်နှုန်းကောက်ပြီး ငွေစုတယ်။ အဲဒီဒိုင်ကို တစ်နေ့ ကြက်ဘဲ ၄၅၀၀၀-၅၀၀၀၀ လောက်ဝင်တယ်။ အဲဒီတော့ ရန်ပုံငွေ တစ်နေ့ ၄၅၀၀၀- ၅၀၀၀၀ လောက်ရတယ်။ တစ်လကို ၁၅ သိန်း၊ တစ်နှစ်ကို သိန်း ၁၈၀။ ဒါတောင် တစ်ကောင်ကို တစ်ကျပ်ပဲကောက်တာ။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က အဲဒီအသားတိုးကြက်အသင်းရဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ ဦးကြီးသင်ပေးခဲ့တဲ့ တစ်ဆုပ်ဆန်အကြောင်း ကျွန်တော်ပြောခဲ့တာ။ အဲဒီမှာ သူတို့စပြီး လုပ်ကြတာ။ အခုသူတို့မှာ ရန်ပုံငွေ သိန်း ၃၀၀ လောက်စုထားပြီးပြီ"

ကျွန်တော်က ဦးကြီးစကားဖြင့် ဦးကြီးကို ပြန်၍အမှမ်းတင်လိုက်သည်။

"အေးကွ၊ ဒို့မြန်မာတွေမှာ နဂိုကတည်းက အစဉ်အလာကောင်းတွေရှိပြီးသား။ အလေ့အကျင့်ကောင်းတွေရှိပြီးသား။ ဒါတွေကို ထိန်းသိမ်းကြဖို့သာလိုတာ။ လိုက်နာကြဖို့လိုတာ။ အဲဒါနဲ့ ဒို့မွေးမြူရေးသမားတွေက ဒို့ဘာသာငွေစု တစ်ခုခုဖြစ်လာရင် ဒို့ဘာသာထောက်ပံ့ကြေးပေး။ မင်းပြောပုံဖြင့် ဟုတ်နေပြီ။ အဲဒီလိုဆိုရင် မင်းတို့ ဌာနကရော ဘာလုပ်ပေးမှာလဲ။ အစိုးရကရော ထောက်ပံ့ပေးတာမရှိတော့ဘူးလား"

"ရှိပါသော်ကော ဦးကြီးရယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဒီကြက်ငှက်မွေးမြူမှု ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်ပြီး ၂၀၀၉ ခုနှစ်ကတည်းက မျိုးစေ့ရန်ပုံငွေအနေနဲ့ သုံးနိုင်ဖို့ ငွေကျပ် သိန်း ၂၅၀ ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှာ မတည်ပေးထားပြီးသားပါ။ အဲ ဒါပေမယ့် ဒီငွေဟာ မျိုးစေ့ရန်ပုံငွေဖြစ်တာကြောင့် တိုးပွားအောင်လုပ်ဖို့လိုတယ်။ တိုးပွားလာမှ များများ ဖြန့်ဖြူးနိုင်မှာ၊ များများထောက်ပံ့နိုင်မှာ။ ဒါနဲ့ပတ်သက်ပြီး ပုဂ္ဂလိကနှင့် အများပြည်သူ ပူးပေါင်းရန်ပုံငွေ (Private-public partnership fund) ထူထောင်ထားဖို့လိုတယ်။ အဲဒါက စောစောက ကျွန်တော်ပြောခဲ့တဲ့ တစ်ဆုပ်ဆန်နည်းနဲ့ ရန်ပုံငွေရှာဖို့ပဲ"

"ပြီးတော့ ကျွန်တော်တို့အဖွဲ့တွေဖွဲ့ရမယ်၊ မွေးမြူရေးသမားတွေတွင် မကဘူး။ မွေးမြူရေးလုပ်ငန်းနဲ့ ဆက်သွယ်နေတဲ့ အစာရောင်းသူ၊ မွေးမြူရေး ဆေးဝါးရောင်းသူ၊ ကြက်ပေါက်ထုတ်လုပ်တဲ့ ဖောက်စက်လုပ်ငန်းရှင်တွေ၊ ကြက်ဥ၊ ကြက်သားရောင်းတဲ့ လူတွေ အားလုံးပါဝင်ဖို့လိုတယ်။ မွေးမြူရေးလုပ်ငန်းထိခိုက်ရင် ဒီလူတွေအားလုံး စီးပွားရေးထိခိုက်မှာ၊ ကြက်စာရောင်းတဲ့လူ၊ ကြက်ဆေးရောင်းတဲ့လူ၊ ကြက်ပေါက်ရောင်းတဲ့လူတွေက ငါတို့နဲ့ မဆိုင်ဘူးဆိုပြီး ဝင်မပါလို့ မရဘူး။ အဲဒီလူတွေ အားလုံး ပူးပေါင်းထည့်ဝင်တဲ့ ရန်ပုံငွေ ကျွန်တော်တို့ ထူထောင်ရမယ်"

"မွေးမြူရေးသမားကလည်း ရန်ပုံငွေတွေတော့ ထူထောင်ထားပြီ၊ တစ်ခုခုဖြစ်ရင် ငါတို့ထောက်ပံ့ကြေးရမှာပဲဆိုပြီး ပစ်စလက်ခတ်တော့မွေးလို့မရဘူး။ ဇီဝလုံခြုံမှုရှိဖို့လိုတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ ခြံမှတ်ပုံတင်ထားဖို့လိုတယ်။ ဌာနကဆရာဝန်တွေရဲ့ ကျန်းမာရေးစစ်ဆေးမှုကို လိုက်နာ၊ ညွှန်ကြားတဲ့ အချက်တွေကို ဆောင်ရွက်ဖို့လိုတယ်။ ဒါ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့ အစာ၊ ရေ စနစ်တကျကျွေး။ ဇီဝလုံခြုံမှုအပြည့်ဆောင်ရွက်။ ကာကွယ်ဆေးတွေသာ သတ်မှတ်အစီအစဉ်အတိုင်း ထိုးကြမယ်ဆိုရင် **"ရှောင်လေဝေးဝေး ကြက်တုပ်ကွေး"** လို့တောင် ပြောလို့ရမှာပါ ဦးကြီးရယ်"

"ငါ့တူကတော့ အပြောကောင်းကွာ။ အဲဒါဆိုရင် ငါတို့ငယ်ငယ်က **တစ်ဆုပ်ဆန်စနစ်က မွေးမြူရေးအာမခံစနစ်အတွက် အခြေခံကောင်းဖြစ်ပြီပေါ့"**

ဦးကြီး၏ အားရပါးရ ပြောလိုက်သည့်အသံက ကျွန်တော်အပါအဝင် မွေးမြူရေးသမားများအတွက် အားဆေးတစ်ခွက်ပင်။ ။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းမှုကြား

နေပြည်တော် မတ် ၂

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ကျေညက်စွာ သိရှိနားလည်ပြီး ဘက်လိုက်မှုကင်းစွာဖြင့် ကော်မရှင်အဆင့်ဆင့်၏ တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးခရိုင် ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲ၌ ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်သည် မွန်းလွဲ ၂ နာရီတွင် မန္တလေးတက္ကသိုလ် မြိတ္တာဆောင်၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင် များအား သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်သည် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်နှင့်မိတ္ထီလာ ခရိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ နှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကို ရှင်းလင်းမှုကြားခဲ့ ကြောင်း သိရသည်။ (သတင်းစဉ်)

ရှေးရှေးတုန်းက ရွှေတိဂုံ

စာရေးသူ မောင်မောင်ကြီး(မန္တလေး) ရေးသားထားသော ရှေးရှေးတုန်းက ရွှေတိဂုံစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

၎င်းစာအုပ်တွင် လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်း၊ သံဃာ့ရာဇာသာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ရွှေတိဂုံဆံတော်ရှင်စေတီတော် ဘုရားရှိခိုးနှင့် ရှေးဟောင်းသမိုင်းဝင် ရှားပါးဓာတ်ပုံ ၁၅၀ ကျော်ကို ဝေဝေဆာဆာ ဖော်ပြထားသည်။ ၎င်းစာအုပ်ကို အလင်းသစ်စာပေတိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

မဟာဗောဓိမြိုင်ဆရာတော် တံခွန်ထူ နတ်လူသိစေသား

ဆရာမောင်သွေးချွန် စုစည်းပူဇော်သော မဟာဗောဓိမြိုင်ဆရာတော် တံခွန်ထူ နတ်လူသိစေသားစာအုပ်ထွက်ရှိလာသည်။ စာအုပ်လေးတွင် ဘဝအစနှင့် ဓမ္မလမ်းစဉ်၊ တပ်တော်ဦးက အောင်လံတော်၊ ဘုရားအနေကဇာတင်ရခြင်းနှင့် အကြောင်းရင်းရှင်းလင်းချက်၊ တံခွန်တိုင်စေတီထီးတော်တင်ပွဲ ဩဝါဒတံခွန်ထူ နတ်လူသိစေသား၊ တိဟိတ်စေတနာနှင့် တိဟိတ်ပုဂ္ဂိုလ်၊ ဘုရားအနေကဇာတင်မှု အပြည့်အစုံ ပါဝင်သည်။ ၎င်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း(အထက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

ဘဏ်လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစာအုပ် ထုတ်ဝေဖြန့်ချိ

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်မှုပြုကြရာတွင် ကုန်တင်ပို့သူ Exporter အတွက် တန်ဖိုးငွေမှန်မှန်ကန်ကန်ရရှိရန်ကိစ္စ၊ ကုန်ဝယ်သူ Importer အတွက် ကုန်ပစ္စည်းမှန်မှန်ကန်ကန် ရရှိရန်ကိစ္စရပ်များအတွက် ဘဏ်များမှ ကြားခံငွေကြေးအာမခံချက်အဖြစ် အများကြားဖူးကြပြီးဖြစ်သည့် အယ်(လ်)စီဖွင့်လှစ်ငွေပေးချေဆောင်ရွက်ပေးလေ့ ရှိကြသည်။ ကုန်ပစ္စည်းတင်ပို့မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ (Shipping Documents) အကြောင်း၊ ပို့ကုန်၊ သွင်းကုန်တို့နှင့်ပတ်သက်သည့် မသိမဖြစ် သိရှိရန်လိုအပ်သည့် ကုန်သွယ်မှုဆိုင်ရာဝေါဟာရများ (Incoterm) အကြောင်းတို့ကိုလည်း ရှင်းလင်းဖော်ပြထားသည်။

စာအုပ်ကို ဦးစိုးတင်(မြန်မာ့စီးပွားရေးဘဏ်-အငြိမ်းစား)က ပြုစုရေးသား၍ ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁၀၄၄၈၇ က တန်ဖိုးငွေကျပ် ၁၆၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

အာကာသဟင်းလင်းပြင်ကြီးအောက်မှာ လှိုက်မောစွာ ကူးခတ်ပျံသန်းရင်းဖြင့်



စာရေးသူ မြန်မာပြည်သားကိုကို၏ "အာကာသဟင်းလင်းပြင်ကြီးအောက်မှာ လှိုက်မောစွာ ကူးခတ်ပျံသန်းရင်းဖြင့်" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် အကာမဲ့လဟာပြင်ကို ဝင်တိုးမယ့်တောင်ပံတစ်စုံ၊ ဖြစ်ချင်တာတွေမဖြစ်ရ မဖြစ်ချင်တာတွေဖြစ်နေရတာ ဘဝတဲ့လား၊ ပျော်သလိုမနေရ နေသလိုပျော်ရတဲ့ဘဝ စသည့် အခန်း(၇)ခန်းခွဲ၍ တင်ပြထားသည်။

ယင်းစာအုပ်ကို ပုံရိပ်စာပေတိုက် (၁၂၀၈)အင်ကြင်းအိမ်ရာ ခနသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၉-၅၃၄၁၄၄၆ က ဖြန့်ချိပြီး ငွေကျပ် ၁၇၀၀ ဖြင့် ဝယ်ယူနိုင်သည်။

တို့ဗမာအစည်းအရုံးနှင့် သမိုင်းသစ်ကိုရေးကြသူများ



စာရေးဆရာကောင်းထက်ရေးသားပြုစုသော တို့ဗမာအစည်းအရုံးနှင့် သမိုင်းသစ်ကို ရေးကြသူများစာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ပါတော်မူပြီးနောက် မြန်မာအမျိုးသားတို့ ကျွန်ဘဝတွင် နစ်နေရာမှ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာသည့် ၁၉၀၆ ခုနှစ်မှစပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသော ၁၉၄၈ ခုနှစ်အထိ တိုင်းပြည်ကို ချစ်မြတ်နိုးသူတို့၏ လှုပ်ရှားမှု၊ လူငယ်လူရွယ်တို့၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုစသည့် နိုင်ငံရေးသမိုင်းကြောင်းကို မှီငြမ်းစာအုပ်ပေါင်းများစွာမှ ထုတ်နုတ်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို မျိုးမြန်မာစာပေ ဖုန်း-၂၉၇၁၁၆ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၁၂)ဖြန့်ချိ

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန်စီးပွားရေးလမ်းညွှန် (တကယ်အသုံးတည့်တဲ့လမ်းညွှန်) စာအုပ်ကို ၂၀၁၂ ခု နှစ်ဦးတွင် အစောဆုံး ထုတ်ဝေဖြန့်ချိလိုက်သည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။ အမှတ်(၃၃/၃၉) (၇)လွှာ ရှိုင်းကွန်နို မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)နှင့် ဘဏ်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၃၇၃၃၇၅-၄၁၇၊ ၃၇၂၅၇၄-၅၀၆နှင့် မန္တလေးမြို့၊ ဖုန်း-၀၂-၇၂၂၀၀ တို့မှ ဖြန့်ချိထားကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူနိုင်ရန်နှင့် နည်းပညာတတ်မြောက်စေရန်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ

ကယားပြည်နယ် အတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသည့် လွိုင်ကော်တက္ကသိုလ် ပင်မဆောင်**(ယာပုံ)**၊ သုံးထပ်စာသင်ဆောင်များ **(အပေါ်ပုံ)** နှင့် နည်းပညာတက္ကသိုလ် (လွိုင်ကော်) **(အောက်ပုံများ)**

- ✳ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၏ စီမံကိန်းဝင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံတိုင်းရင်းသားလူငယ်များ အိုးမကွာ အိမ်မကွာဖြင့် အဆင့်မြင့်ပညာများ လွယ်လင့်တကူသင်ကြားနိုင်ရေးအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားသည်။
- ✳ လွိုင်ကော်ဒီဂရီကောလိပ်ကို လွိုင်ကော်တက္ကသိုလ်အဖြစ် ၂၀၀၃ ခုနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ပင်မသုံးထပ်ဆောင်သစ်ကြီးကို ၂၀၀၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်တွင် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)ကို ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို ဖွင့်လှစ်ပေးခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

မြန်မာနှာခေါင်းလန်မျောက် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပင်နှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Fauna & Flora International - FFI) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနှာခေါင်းလန်မျောက် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာနှာခေါင်းလန်မျောက်၏ သိပ္ပံနည်းကျ တွေ့ရှိထားမှုများနှင့် ၎င်း၏ ထိန်းသိမ်းရေးဆိုင်ရာ အနေအထားအား ပြန်လည်သုံးသပ်ရန်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆောင်ရွက်နေသော နှာခေါင်းလန်မျောက် ထိန်းသိမ်းရေးလုပ်ငန်းများမှ အတွေ့အကြုံများအား လေ့လာရန်၊ မြန်မာနှာခေါင်းလန်မျောက် မျိုးစိတ်အသစ် ရေရှည်ထိန်းသိမ်းရေး မဟာဗျူဟာအစီအစဉ်များ ရေးဆွဲရန်အတွက် ကျင်းပရခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမှာစကား ပြောကြားရာ၌ **(အပေါ်ပုံ)** မြန်မာနိုင်ငံသည် မြောက်ပိုင်းတွင် ဟိမဝန္တာ တောင်တန်းများ၊ တောင်ပိုင်းတွင် ပင်လယ်သန္တာကျောက်တန်းများ၊ မြေပြန့်လွင်ပြင်များ၊ အဓိကမြစ်ကြီးများ၊ အမျိုးအစားစုံလင်သော သစ်တောကြီးများ အပါအဝင် ရေခဲတောင်ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်အထိ တည်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ ဧရိယာ၏ ၄၇ ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းလျက်ရှိကာ အပင်မျိုးစိတ်ပေါင်း ၁၀၀၀၀ ကျော်၊ နို့တိုက်သတ္တဝါမျိုးစိတ် ၂၆၀ ကျော်၊ ငှက်မျိုးစိတ် ၁၀၀၀ ကျော်နှင့် အခြားသတ္တဝါမျိုးစိတ် ရာပေါင်းများစွာ ရှင်သန်နေထိုင်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများကို စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများကို လွန်ခဲ့သော နှစ် ၉၀ ကျော်ကပင် ဆောင်ရွက်ခဲ့ရာ ပထမဦးဆုံးသော သဘာဝထိန်းသိမ်းရေးနယ်မြေကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ ၁၉၈၁ခုနှစ်မှ ၁၉၈၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့ပူးပေါင်း၍ သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ စီမံကိန်း (Nature Conservation and National Parks Project-NCNPP) ဖြင့် ဆောင်ရွက်ခဲ့ကြောင်း။

ဇီဝမျိုးစုံမျိုးကွဲအသစ်များကိုလည်း စူးစမ်းရှာဖွေခဲ့ရာ ငှက်မျိုးစိတ်အသစ်တစ်ခု ဖြစ်သော စာရင်အုပ်နီငှက် (Red- Fronter Rose Finch) ကို ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း၌ သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society- WCS) တို့ ပူးပေါင်းရှာဖွေ မှတ်တမ်းတင်နိုင်ခဲ့ပြီး အဆိုပါ ငှက်မျိုးစိတ်သည် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင်သာ ယခင်က တွေ့ရှိခဲ့ရသဖြင့် ဤတွေ့ရှိမှုသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှတွင်လည်း မှတ်တမ်းအသစ် ရေးထိုးနိုင်ခဲ့ကြောင်း။

ယခုအခါ ပရိုင်းမျိုးစိတ်အသစ်ဖြစ်သော မြန်မာနှာခေါင်းလန်မျောက် (Myanmar Snub-nosed Monkey) ကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး အသင်း (BANCA) မှ သုတေသီများသည် ကချင်ပြည်နယ် အရှေ့မြောက်ပိုင်း မြန်မာနှင့် တရုတ်နယ်စပ် အီမောဘွန်းတောင်တန်းဒေသမှ တွေ့ရှိခဲ့ပြီး ခန့်မှန်းအကောင်ရေ စုစုပေါင်း ၃၃၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အစီရင်ခံစာနှင့် မှတ်တမ်းများ အရ မြန်မာနိုင်ငံတွင် ယခင်က ပရိုင်းမိတ်မျိုးစိတ် ၁၃ မျိုးသာ ရှိခဲ့ရာမှ မြန်မာနှာခေါင်းလန်မျောက် အပါအဝင် ပရိုင်းမိတ်မျိုးစိတ် ၁၄ မျိုးအထိ တိုးတက်ရောက်ရှိလာမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ယခင်ရှိခဲ့သော နှာခေါင်းလန်မျောက်မျိုးကွဲလေးမျိုးအား ငါးမျိုးအထိ တိုးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ မျိုးစိတ်အသစ် ဖော်ထုတ်နိုင်မှုသည် နိုင်ငံတကာပညာရပ်နယ်ပယ်တွင် မြန်မာနိုင်ငံအတွက် အလွန်တရာမှ ဂုဏ်ယူဖွယ်ရာကိစ္စ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် မျိုးစိတ်ဖြစ်သောကြောင့် မြန်မာအမည်တပ်၍ မှည့်ခေါ်နိုင်ခဲ့ကြောင်း။

ဤအလုပ်ရုံဆွေးနွေးပွဲမှ မြန်မာနှာခေါင်းလန်မျောက် ထိန်းသိမ်းရေးအတွက် လုပ်ငန်းစီမံချက်အား အပြီးသတ်ချမှတ်နိုင်ရန် တိုက်တွန်းလိုကြောင်း၊ မျိုးစိတ်သစ်ရှာဖွေတွေ့ရှိရေးနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော BANCA နှင့် FFI အဖွဲ့အစည်းများအား ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာနှာခေါင်းလန်မျောက်များ ထာဝစဉ်ရှင်သန်ပေါက်ဖွားနိုင်ရန် ထိန်းသိမ်းနိုင်ရေးအတွက် တက်ရောက်လာသော ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Asia, Programme Development, FFI မှ Director, Mr. Frank Momberg က နှုတ်ခွန်းဆက်စကားပြောကြားပြီး စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ပညာရှင်များက စာတမ်းရှစ်စောင် ဖတ်ကြားကြပြီး လုပ်ငန်းအဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခြင်း၊ ရလဒ်များတင်ပြခြင်း၊ လုပ်ငန်းစီမံချက်မူကြမ်း ရှင်းလင်းတင်ပြခြင်းနှင့် မြန်မာနှာခေါင်းလန်မျောက် ထိန်းသိမ်းရေးလုပ်ငန်းစီမံချက် အပြီးသတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူလ်ဂေးရီးယား အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာနစ်ကိုလိုင်း မလပ်ဒီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရှေးဦးပြုစုခြင်းပညာ(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂

ရှေးဦးပြုစုခြင်းပညာ (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲကို မတ် ၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အမှုဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူ ၆၅ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၈ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း ရှေးဦးပြုစုခြင်းပညာ (အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကလေးတရားပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂

ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝ ဇမ္ဗူသီရိပိမာန်တော်၌ မတ် ၃ ရက်တွင် မိုးကုတ် နယ်လှည့်ဓမ္မကထိကအရှင်ပဏ္ဍိတ(မိုးကုတ်ဝိပဿနာ ဇမ္ဗူမေတ္တာကျောင်းတိုက်)၊ မတ် ၁၀ ရက်တွင် အရှင်သီရိဒတ္တာလင်္ကာရ (အသောက သီတဂူကျောင်းတိုက်)၊မတ် ၁၇ ရက်တွင် Dr. အရှင်ပညောဘာသ (ပန်းပျိုးလက်-ကျောက်တန်း)၊ မတ် ၂၄ ရက်တွင် ဦးကဝိဓဇ(မျိုးသာဂီ) (မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံ)၊ မတ် ၃၁ ရက်တွင် Dr. အရှင်သောပါက (ဇေတဝန်ကျောင်းတိုက်) တို့က အပတ်စဉ် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ ဟောကြားသွားမည်ဖြစ်ရာ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃၉၉၈၊ ၀၉-၅၀၁၅၄၄၆ နှင့် ဓမ္မမိတ်ဆွေအဖွဲ့ ၀၉-၄၉၂၉၄၆၇၆၊ ၀၉-၅၀၁၁၆၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ မြို့မ (၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ပညာဒါနရေကန်ကျောင်း၌ ဆောက်လုပ်ဆဲဖြစ်သော ဓမ္မဝိဇယဓမ္မာရုံ ဆောက်လုပ်ရန်အတွက် ဒလမြို့ မြို့မ(၄)ရပ်ကွက် သီဟသူလမ်းနေ ဦးမင်းလှိုင်နှင့် ဇနီး ဒေါ်အေးအေးနွယ်တို့ အလှူငွေကျပ် ၅၀၆၀၀၀၀ လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ နိုင်ငံတကာဘူမိသိပ္ပံပညာရှင်များနှင့် မြန်မာဘူမိသိပ္ပံပညာရှင်များ၏ ပထမအကြိမ် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ အဌမအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် တတိယအကြိမ် မြန်မာနိုင်ငံ သက်ကြီးဘူမိသိပ္ပံပညာရှင်များအား ကန်တော့ပွဲကို မတ် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေ ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း တည်ထောင်သူ ဒေါက်တာဦးသိန်းက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာဘူမိသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာမှ ဘူမိသိပ္ပံပညာရှင်များက Geotechnical Engineering, Economic Geology, Mining Geology, Regional Geology စသည့် ဘာသာရပ်များနှင့် ပတ်သက်သည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အဌမအကြိမ်နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်က အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ကျင်းပသည့် စာတမ်းဖတ်ပွဲများတွင် စာတမ်းဖတ်ကြားခဲ့သည့် စာတမ်းရှင်များအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ထို့ပြင် အကောင်းဆုံးစာတမ်းဆုကို ကြေညာပြီး ဆုပေးအပ်သည်။

ထို့နောက် အသင်းနာယက ဒေါက်တာ ဦးသိန်းက ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဥက္ကဋ္ဌဦးစိုးမြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်တို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ၂၀ ၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တတိယအကြိမ် မြန်မာနိုင်ငံ သက်ကြီးဘူမိသိပ္ပံပညာရှင် ၇၁ ဦးတို့အား အသင်းဝင်များက ကန်တော့ပြီး ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို မတ် ၂ ရက်အထိ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၁)မှ ကျောင်းဆင်းအရာရှိများ (၃၂)နှစ်မြောက် ကျောင်းဆင်းပွဲနေ့ အမှတ်တရနှင့် ကျဆုံး၊ ကွယ်လွန်သွားသော အရာရှိများအားရည်စူး၍ ရွှေသံလွင် ဘိုးဘွားရိပ်သာ (ဒဂုံဆိပ်ကမ်းမြို့နယ်)သို့ အလှူငွေကျပ် ငါးသိန်းတစ်သောင်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် YPO စီးပွားရေးအဖွဲ့အစည်းတို့ တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

နေပြည်တော် မတ် ၂

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Young President's Organization (YPO)အဖွဲ့သည် လာရောက်လေ့လာလျက်ရှိပြီး မတ် ၁ ရက် ညပိုင်းတွင် တော်ဝင်လမ်းရှိ The Governor's Residence တွင် လွှယ်ဟိန်းကုမ္ပဏီလီမိတက်၏ စီစဉ်ပေးမှုဖြင့် မြန်မာစီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ လွှယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသောYPO အဖွဲ့မှ စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ လက်ရှိအပြောင်းအလဲ အနေအထားများ၊ စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

Young President's Organization (YPO)အဖွဲ့အစည်းသည် ၁၉၅၀ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ထားသော သက်တမ်းရင့်ဂုဏ်သိက္ခာရှိ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လက်ရှိတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ အဖွဲ့ဝင်ပေါင်း ၁၈၀၀၀ ကျော်ရှိပြီး အသက် (၄၅)နှစ်အောက်ရှိ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ မန်နေဂျင်းဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကားပြပွဲနှင့် ကားတာယာများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂ ရက်မှ ၅ ရက်အထိ Myanmar Expo & Car Show ပြပွဲကို ပြသလျက်ရှိရာ ပြပွဲလာပရိသတ်များက မော်တော်ယာဉ်အမျိုးမျိုးနှင့် ကားတာယာများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

Express ကားများအတွက် နောက်ဆုံးတင်သွင်းထားသည့် S-636 Tubeless တာယာဆိုဒ်မျိုးစုံ၊ တောင်တက်ကားများ၊ သစ်ကွင်းများ၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းသုံးကားများအတွက် S-917,S-911၊ မြေပြန့်သုံးကားများအတွက် S-711,S-815,S-811၊ ဇိမ်ခံကားများအတွက် Radial Tyre အမျိုးမျိုးတို့ကို စမ်းငွေရောင်ပြခန်း၌ ပြသထားသည်။**(အပေါ်ပုံ)**

CZM အမှတ်တံဆိပ် Tubeless ခွေနှင့် ကားခွေဆိုဒ်မျိုးစုံ၊ ဘီးနပ်အမျိုးမျိုး၊ လေးအမျိုးမျိုး၊ လေးပင်၊ လေးဘွတ်အမျိုးမျိုး၊ ယူဘိုးလ်၊ စံတာဘိုလ်အမျိုးမျိုး၊ မော်တော်ကားအင်ဂျင်ထိုင်မျိုးစုံနှင့် ဂျိုက်အမျိုးမျိုးတို့ကို ပြသထားသည်။ ပြပွဲအပြီး ဝယ်ယူလေ့လာလိုပါက အမှတ် (၉၄) ဘုရင့်နောင်ဈေးလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့တွင် ရရှိနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂

စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅) ဘွဲ့ရများ၏ (၁၇)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁) အမှတ် ၄/၆/၁၉၅၄ ရှိ လင်းရောင်နီခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ အသင်းအတွင်းရေးမှူး ကိုသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါ်လှမြင့် (ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Logistics & Supply Chain Management ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြော၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

(ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုကြည့်ရှု

နေပြည်တော် မတ် ၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဘီးလင်းမြို့နယ် ဇွဲကလာချောင်းဖြတ် အလျားပေ ၁၁၀ နှင့် အကျယ် ၁၆ ပေရှိ ဇွဲကလာ-မုသင်ကျေးရွာချင်းဆက် ကွန်ကရစ်ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇွဲကလာကျေးရွာရှိ တိမ်ကောနေသော သက်ကယ်ရိုးတူးမြောင်းအား စက်ယန္တရားများဖြင့် တူးဖော်နေမှုကို ကြည့်ရှုသည်။ အဆိုပါ တူးမြောင်းမှာ အလျားပေ ၁၀၀၀၀၊ အကျယ်ပေ ၃၀ နှင့် အနက် ခြောက်ပေရှိပြီး လုပ်ငန်းပြီးစီးပါက မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လေ့ရှိသည့် ဇွဲကလာ၊ အနိုင်းပွန်၊ သစ်တိုက္ကျွန်းကျေးရွာများမှ လယ်ယာမြေများအား ရေကြီးနစ်မြုပ်ဒဏ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇုတ်သုတ်စံပြကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် (၂၅) ခုတင်ဆံ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆေးရုံတည်ဆောက်ရေးလုပ်ငန်း၊ ဘီးလင်းမြို့ ရွှေဝါရောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ အလျား ပေ ၂၀၊ အကျယ် ၁၆ ပေရှိ သံကူကွန်ကရစ်အမျိုးအစား ဖိုးချိုတံတားတည်ဆောက်ပြီးစီးမှု၊ ဘီးလင်းမြို့နယ်အတွင်း နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကင်ပွန်းစခန်းဂေါပကရုံး၌ သာသနာ့ဝံသာနုရက္ခိတ သိမ်တော်ကြီးအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ထိန်းသိမ်းဆောင်ရွက်ရေးလုပ်ငန်းများကို မှာကြားကာ ပြည်တွင်း ပြည်ပဘုရားဖူးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

GHOST RIDER: SPIRIT OF VENGEANCE
ကြောက်မက်ဖွယ်ကောင်းသော နိုင်ငံခြားဇာတ်ကားသစ်ရုံတင်

ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ ယခုအပတ် သောကြာနေ့မှစတင်၍ ဒါရိုက်တာ Mark Neveldine, Brian Taylor ရိုက်ကူးပြီး သရုပ်ဆောင် Nicolas Cage, Ciaran Hinds, Idris Elbe တို့ပါဝင် သရုပ်ဆောင်ထားသော GHOST RIDER: SPIRIT OF VENGEANCE ကြောက်မက်ဖွယ်ကောင်းသောသရဲကား **(ယာပုံ)** သစ်ကို ရုံတင်ပြသမည်ဖြစ်ပြီး ရွှေ့ဆောင်ရုံတွင် JOURNEY 2: THE MYSTERIOUS ISLAND စွန့်စားမှုဇာတ်ကားနှင့် သမ္မတ၊ သွင်၊ မင်္ဂလာရုံတို့တွင် အမွှေဇယားဟာသဇာတ်ကားတို့ကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

GHOST RIDER: SPIRIT OF VENGEANCE သရဲဇာတ်ကားတွင် မိမိတွင်ပိုင်ဆိုင်ထားသော စွမ်းအားများမှာ ကျိန်စာသင့်ခံရသည်ဟု ယုံကြည်နေသော Johnny Blage (Nicolas Cage) မှာ ဥရောပအရှေ့ပိုင်းတွင် ဇာတ်မြှုပ်နေထိုင်လေသည်။ ထို့နောက်တွင် Blazeမှာ Moreau (Idris Elba)နှင့် တွေ့ဆုံခဲ့ပြီးနောက် Moreau က ၎င်းအား Blackout ၏ အန္တရာယ်ပေးခြင်း ခံနေရသော သားအမိနှစ်ယောက်ကို ကာကွယ်ပေးရန် ရွေးချယ်ပြီး တာဝန်ပေးခဲ့လေသည်။ မကောင်းဆိုးဝါးသရဲ Devil (Ciaran Hinds) မှာ အထူးတာဝန်တစ်ရပ်ဆောင်ရွက်ရန် Roark (Johnny Whitworth) အား Blackout အသွင်ဖန်တီးထားခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါ မကောင်းဆိုးဝါးမှာ ကောင်လေး၏မွေးနေ့တွင် ၎င်း၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်၍ လူသားအသွင်ဖန်တီးရန် ကြိုးစားနေသော

ကြောင့် Blaze မှာ မကောင်းဆိုးဝါး ဟန့်တားထားသည့် ဇာတ်ကားဖြစ်သည်။

JOURNEY 2: THE MYSTERIOUS ISLAND ဇာတ်ကားတွင် ရှောင်အင်ဒါဆင်သည် ဧရာမပုတ်သင်ညိုကြီးရန်မှ ရှောင်ပြေးခဲ့ရပုံနှင့် ဧရာမငှက်ကြီးနှင့်သတ်ပုတ်ရပြီး ပခုံးအဆစ်လွဲသွားသည့် စွန့်စားမှုဇာတ်ကားကို ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် ပြသမည်ဖြစ်သည်။

အလှ ဖန်တီးရှင်မလေးအဖြစ် စားဝတ်နေရေးအရ မခြောက်ချင်သော်လည်း ခြောက်နေရသည့် နေမီ၊ မာမီအင်္ဂါမအလှပြင်ဆိုင်တွင် မိန်းမလိုဝတ်ကာ ယောက်ျားလေးများနှင့် ဆက်ဆံနေရသည့် မိမိ၏စိတ်အတွင်း ဘဝင်မကျ ဖြစ်ရပုံကို မိန်းမဟန်အမူအရာဖြင့် ပီပီပြင်ပြင်ရိုက်ကူးထားသည့် အမွှေဇယားဟာသသရုပ်ဆောင်ဇာတ်ကားကို သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ကြည့်ရှုနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မပြောမပြီး မတီးမမြည်

ဥပဒေမဲ့၊ စည်းကမ်းမဲ့ လိုင်စင်ရှိ၊ လိုင်စင်မဲ့ ဆိုင်ကယ်များ

ပဲခူးမြို့သည် မြန်မာနိုင်ငံ၏ အထက်/အောက် ကူးလူးဆက်ဆံသွားလာရာ လမ်းဆုံလမ်းခွမြို့ဖြစ်သည်။ ကုန်စည်ကူးသန်းသွားလာမှုတွင် အရေးပါသော မြို့ကြီးတစ်မြို့ဖြစ်သည်။

ခေါင်းစဉ်ပါ အကြောင်းအရာကိုပင် အလေးထားတင်ပြပါမည်။ ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်မျိုးစုံသည် မဲဆောက်မှတစ်ဆင့် မြဝတီမြို့ကိုဖြတ်သန်းကာ ပဲခူးမြို့သို့ ဝင်ရောက်လာ၏။ တရုတ်နိုင်ငံမှ ထုတ်လုပ်သော ဆိုင်ကယ်မျိုးစုံသည် မူဆယ်-မန္တလေးလမ်းကြောင်းမှ ပဲခူးမြို့သို့ ဝင်ရောက်လာ၏။ သို့ဖြစ်ရာ ပဲခူးမြို့သည် တရုတ်ဆိုင်ကယ်နှင့် ယိုးဒယားဆိုင်ကယ်တို့၏ မြိုင်မြိုင်ဆိုင်ဆိုင် စုဝေးရောက်ရှိလာရာအရပ်ဖြစ်ခဲ့၏။

ပဲခူးမြို့၏ အုန်းပင်တန်း-သနပ်ပင်လမ်းမတန်းတွင် ဆိုင်ကယ်ပွဲရုံဟုခေါ်တွင်သော လိုင်စင်မဲ့ဆိုင်ကယ်များ၏ လမ်းဘေးအရောင်းပြခန်းများ ပေါ်ပေါက်လာသည်။ ခရီးသည်များက လမ်းမပေါ်ဆင်း၍ လမ်းလျှောက်ရပြီး လိုင်စင်မဲ့ဆိုင်ကယ်အရောင်းပြခန်းက ပလက်ဖောင်းပေါ်တွင် အခန့်သားနေရာယူလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဆိုင်ကယ်လာရောက်ဝယ်ယူကြသူများ၊ ပဲခူးပတ်ဝန်းကျင်နယ်ပယ်မှ ဝယ်ယူကြသူများဖြင့် ရှင်သန်စည်ကားနေသည်မှာ ပြည်ပနိုင်ငံတစ်ခု၏ ဆိုင်ကယ်ပြခန်းလား ထင်မှားလောက်၏။ ဈေးနှုန်းမှာလည်း များစွာချိုသာပေရာ ဝယ်ယူစီးနင်းကြသူများဖြင့် ပဲခူးမြို့၏ ကျဉ်းမြောင်းသောလမ်းသွယ်အသီးသီးတွင် ကျောင်းတက်၊ ကျောင်းလွှတ်ချိန်များ၌ လမ်းလုံးပြည့်မျှ ဆိုင်ကယ်ရေစီးကြောင်းကြီး စီးမျောလျက်ရှိနေသည်။

သုံးဘီးဆိုင်ကယ်များကိုလည်း မြို့တွင်းလမ်းများနှင့်မမျှအောင် ပြေးဆွဲခွင့် လိုင်စင်ချပေးသဖြင့် မြို့၏ လိုအပ်ချက်နှင့် မမျှအောင် အဆမတန်များပြားလျက်ရှိပြီး လိုင်စင်မရှိသောဆိုင်ကယ်၊ နံပါတ်ပြား မတပ်ထားသော ဆိုင်ကယ်ကို မောင်းနှင်ခွင့် လိုင်စင်မရှိသောသူများက စည်းမဲ့ကမ်းမဲ့ မောင်းနှင်လျက်ရှိသည်ကို တွေ့မြင်ရပြီး အချို့ဆိုင်ကယ်များကို အသက်အရွယ်အားဖြင့် မောင်းနှင်ခွင့်လိုင်စင်မရနိုင်သေးသူ လူငယ်များက စည်းမဲ့ကမ်းမဲ့၊ ပရမ်းပတာမောင်းနှင်လျက်ရှိသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သူတို့မသိပါ။ ခရီးသည်က တက်လိုလျှင်လည်းကောင်း၊ ဆင်းလိုလျှင်လည်းကောင်း လမ်းဆုံ လမ်းခွဖြစ်စေ၊ လမ်းလယ်ကောင်ပင်ဖြစ်စေ ရှေ့မကြည့် နောက်မကြည့် ရပ်တန့်ပေးကြသည်။

ပဲခူးမြို့၏လမ်းမကြီးနှင့် လမ်းသွယ်အသီးသီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုအပေါ် ဥပဒေနှင့်အညီ ထိန်းချုပ်ကွပ်ကဲမှုများမှာ များစွာအားနည်းနေပါသည်။ လိုင်စင်မဲ့ဆိုင်ကယ်ကို မောင်းနှင်ခွင့်လိုင်စင်မရှိသူက စည်းမဲ့ကမ်းမဲ့၊ ပရမ်းပတာ မောင်းနှင်နေသော်လည်း တာဝန်ရှိသူတို့က ဦးထုပ်နှင့် နောက်ကြည့်မှန်၊ နံပါတ်ပြားစသည်တို့ကိုသာစစ်ဆေးပြီး အဓိကကျသော အချက်အလက်များကို မစစ်ဆေးသဖြင့် စည်းကမ်းမဲ့မှုများ လမ်းပေါ်တွင် ပန်းပန်လျက်ရှိသည်။

လွန်ခဲ့သော တစ်လခန့်က ဥဿာမြို့သစ်တွင် ဆိုင်ကယ်မတော်တဆမှုဖြစ်ရာ ဆိုင်ကယ်ပေါ်တွင် လိုက်ပါစီးနင်းလာသူ မယဉ်ယဉ်ဦး သေဆုံးခဲ့သည်။ ဆိုင်ကယ်မောင်းသူ ခင်ပွန်းသည်ကို လိုင်စင်မဲ့ဆိုင်ကယ်မောင်းနှင်မှုအတွက် သွင်းကုန်/ထုတ်ကုန်ဥပဒေဖြင့် ဖမ်းဆီးတရားစွဲဆိုသည်။ ဇနီးလည်းဆုံး၊ ဖခင်လည်း အချုပ်အနှောင်ခံရသဖြင့် ထိုနေ့က ဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသူ ကလေးငယ်၏ ဒုက္ခမှာ ရင်နှင့်ဖွယ်ရာဖြစ်သည်။ လူသွားလမ်းပလက်ဖောင်းပေါ်တွင် လိုင်စင်မဲ့ဆိုင်ကယ် ရာနှင့်ချီ၍ ခပ်တည်တည်ရပ်ထားပြီး ရောင်းဝယ်ဖောက်ကားနေစေကာမူ အရေးယူမည့်သူမရှိပါ။ ယာဉ်မတော်တဆမှုဖြစ်မှသာလျှင် ဥပဒေက သက်ဝင်လှုပ်ရှားသည့်သဘောသက်ရောက်နေသည်။ ရေရှည်တွင် ကောင်းသောအလားအလာမဖြစ်နိုင်ပါ။

များမကြာမီနေ့တစ်နေ့က စာရေးသူထံသို့ နာရေးဖိတ်စာတစ်စောင်ရောက်ရှိလာသည်။ ဖတ်ကြည့်လိုက်ရာ ကွယ်လွန်သွားရှာပြီဖြစ်သော မိတ်ဆွေ ပဲခူးစည်ပင်သာယာရေးဝန်ထမ်း ဦးအောင်ဖေ၏ သားနှင့်မြေးတို့ ယာဉ်မတော်တဆမှုဖြင့် နှစ်လောင်းပြိုင်သေဆုံးကြောင်း စိတ်မကောင်းစရာ တွေ့ရှိလိုက်ရသည်။ ဆိုင်ကယ်နှင့်ပင်ဖြစ်သည်။

ပဲခူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးလမ်းနှင့် ဆက်နွယ်သည့် ဘုရားကြီးရဲစခန်း၊ ပဲခူးအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) ရဲစခန်းနှင့် အင်းတကော်ရဲစခန်းတို့တွင် နေ့စဉ်နီးပါးမျှ မော်တော်ဆိုင်ကယ်မတော်တဆမှုများ ဖြစ်ပွားနေကြောင်း ကြားသိရသည်။ စည်းကမ်းမထိန်းသိမ်းနိုင်လျှင် နောင်တွင်လည်း အသက်ပေါင်းများစွာ ဆုံးရှုံးနေဦးမည်ဖြစ်သည်။ ဆိုင်ကယ်တစ်စီးပေါ်တွင် သုံးယောက်မှ လေးယောက်အထိ စီးနင်းလျက်ရှိသော မြင်ကွင်းမှာလည်း ပဲခူးမြို့တွင် အထူးအဆန်းမဟုတ်သလို ဖြစ်နေသည်။

လွန်ခဲ့သောအပတ်က ဂျာနယ်တစ်စောင်တွင် ယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်ပွားခဲ့သောစာရင်းကို ဖတ်ရှုလိုက်ရသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးပြီးလျှင် ပဲခူးတိုင်းဒေသကြီးက တတိယအဆင့်တွင် ရောက်ရှိနေသည်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာတော့မဟုတ်ပါ။ ရန်ကုန်၊ မန္တလေးပြီးလျှင် မြို့ကြီးစာရင်းဝင် မော်လမြိုင်၊ ပုသိမ်စသော မြို့ကြီးများကို လက်မပြဘဲ ကျော်တက်သွားသည့် စာရေးသူတို့ ပဲခူးမြို့၏ အခြေအနေကို ဒီအတိုင်းကြည့်နေ၍ ကောင်းမည်မထင်ပါ။ ဆေးကု၍မရသော ရောဂါမဟုတ်ပါ။

သို့ဖြစ်ရာ လူသားစားနေသော လမ်းပေါ်မှလိုင်စင်မဲ့၊ စည်းကမ်းမဲ့ နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်အပါအဝင် ထော်လာဂျီအဆုံး လူသေမှုအဖြစ်ပွားဆုံး၊ ဥပဒေမဲ့၊ စည်းကမ်းမဲ့ယာဉ်များကို ဥပဒေစည်းကမ်းနှင့်အညီ ထိန်းချုပ်အရေးယူရန် အချိန်တန်ပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စိန်လှိုင်ဗိုလ်

၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ဖြိုးမင်းသာ၊ ဒုတိယဆုရ အောင်ကျော်နိုင်၊ ပူးတွဲတတိယဆုရ မင်းမင်းနှင့် ခင်မောင်ဝင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်းနှင့် ဖြိုးမင်းသာအတွဲ၊ ဒုတိယ မင်းမင်းနှင့် အောင်ကျော်နိုင်အတွဲ၊ ပူးတွဲတတိယ အောင်မိုးနှင့် အေးထွန်းအတွဲနှင့် ခရစ္စတိုဖာနှင့် ဝင်းမြိုင်အတွဲ၊ အမျိုးသား(၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်မိုး၊ ဒုတိယ အေးထွန်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဇော်ဇော်နှင့် အောင်မိုးအတွဲ၊ ဒုတိယ အေးထွန်းနှင့် ကျော်စံဝင်းအတွဲ၊ အမျိုးသား(၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ သိန်းအောင်၊ ဒုတိယ အောင်မြင့်တို့ရရှိကြပြီး တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ကျောဖုံးမှ

AFC CUP ပြိုင်ပွဲရှိသော်လည်း ဧရာဝတီအသင်းမှာ ဒဏ်ရာရနေသည့် မင်းမင်းသူမှလွဲ၍ လူစုံထုတ်ကစားခဲ့ပြီး တစ်လုံးတည်းသောဂိုးဖြင့် အမှတ်ပြည့်ရရှိသွားသည်။ ဧရာဝတီအတွက် အနိုင်ဂိုးကို ၂၂ မိနစ်တွင် နောက်ခံလူ ဂျွန်က တိုက်စစ်နှင့်အတူလိုက်ပါပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက်-ရတနာပုံ

(KBZ ကွင်း)

ကမ္ဘောဇ-နေပြည်တော်

(မုံရွာကွင်း)

ဇေယျာရွှေမြေ-မကွေး

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက်-ရက္ခပူရယူနိုက်တက်

❑ ဟိမဝန္တာမှ

ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ယူနိုင်ခဲ့ကြောင်း သိရသည်။

နှင်းကျားသစ်နှစ်ကောင်အား ဓာတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းသည် ကာဂျီးလ်ဒေသ၌ အိန္ဒိယနှင့် ပါကစ္စတန်တိုက်ခိုက်မှုများကြောင့် ယင်းဒေသရှိ နှင်းကျားသစ်များ နေရပ်ကိုရှောင်ခွာသွားခြင်း မရှိဟူသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ၏ အမြင်များကို ပိုမိုရှင်းသန်လာစေခဲ့သည်။

နှင်းကျားသစ်များသည် မျိုးသုဉ်းမှုအန္တရာယ် အလားအလာအရှိဆုံး ကြောင်ကြီးမျိုးနွယ်စုဝင်သတ္တဝါများဖြစ်ပြီး ၎င်းတို့အနေဖြင့် ဥပဒေမဲ့ အမဲလိုက်မှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူ့ပယောဂကြောင့် သေဆုံးရမှုများနှင့် ရင်ဆိုင်နေရသည်။

နှင်းကျားသစ်များ နေထိုင်ကျက်စားရာဒေသသည် အအေးလွန်ကဲပြင်းထန်ပြီး မြေမျက်နှာပြင် ကြမ်းတမ်းခက်ထန်သည့် တောင်ကုန်းတောင်တန်းဒေသများဖြစ်၍ ၎င်းတို့အား လေ့လာရန် အလွန်ခက်ခဲလှသည်။ ကောင်ရေ ၄၀၀၀ မှ ၆၅၀၀ အကြားရှိမည်ဟု ယူဆရသည့် နှင်းကျားသစ်များသည် ဟိမဝန္တာတောင်တန်း၏ မြောက်ဘက်ခြမ်း သဘာဝတောရိုင်းနယ်မြေများနှင့် ထိစပ်နေသည့် အာဖဂန်နစ္စတန်၊ ဘူတန်၊ ဆိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံပိုင်နက်နယ်မြေများတွင် ကျက်စားနေထိုင်ကြသည်။ ***အင်တာနက်။***

◆ ယူရိုပါလိဂ်ပွဲစဉ်မှ

မန်ယူအသင်းသည် ယူရိုပါလိဂ် ၁၆ သင်း ရှုံး/ထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၅ ရက်တွင် ဘီလ်ဘာအိုအသင်း၏ အိမ်ကွင်း ဆန်မာမက်စ်၌ သွားရောက်ကစားရမည်ဖြစ်သည့်အတွက် ပွဲကြည့်ခွင့်လက်မှတ်စောင်ရေ ၂၀၀၀ ဝယ်ယူရမည်ဖြစ်ရာ စုစုပေါင်း တန်ကြေးမှာ ၇၇ ဒသမ ၀၅ ပေါင် ဖြစ်နေ၍ အဆမတန်ဈေးကြီးနေသဖြင့် လျှော့ချနိုင်ရန်အလို့ငှာ ယူအီးအက်ဖ်အေနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မန်ယူအသင်းသည် လက်မှတ်ခဈေးနှုန်း လျှော့ချပေးနိုင်ရန် တောင်းဆိုခဲ့သော်လည်း မည်သည့်တုံ့ပြန်မှုမှ မရရှိခဲ့ပေ။ ထို့ကြောင့် မန်ယူအသင်းသည် ၎င်းတို့၏ အခက်အခဲကို ယူအီးအက်ဖ်အေမှ ဖြေရှင်းပေးနိုင်မည်ဟု မျှော်လင့်ထားပြီး တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ဖွယ်ရှိသည်။

မန်ယူအသင်းသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ၁၉၅၇ ခုနှစ် ဇန်နဝါရီလက စပိန်မြေသို့ သွားရောက်ကစားခဲ့ပြီး ယခုအကြိမ်သည် ၎င်းတို့အတွက် အခက်အခဲဖြစ်စေသည့် ပထမဆုံး ခရီးစဉ်ပင်ဖြစ်သည်။ ***အင်တာနက်။***

⁜ ကိုရီးယားမင်းသမီးမှ

AVEX ဖျော်ဖြေရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် ကင်မ်ဂျီဝန်၏ ဂျပန်ဂီတလောကသို့ စတင်ဝင်ရောက်မည့်ခရီးစဉ်မှာ အခက်အခဲရှိမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူမ၏ ဂျပန်ဘာသာစကားကျွမ်းကျင်မှုနှင့် အဆိုအက ပါရမီအစွမ်းအစတို့ကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ကင်မ်သည် ကိုရီးယားအနုပညာလောကသို့ ၂၀၁၀ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး Romatic Heaven ဇာတ်ကားတွင် ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ***အင်တာနက်။***

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်

ဥပ္ပါတသန္တိစေတီတော်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်-

- ✳ ၁-၃-၂၀၁၂ ရက်နေ့မှ ၄-၃-၂၀၁၂ ရက်နေ့အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခြင်း။
- ✳ ၆-၃-၂၀၁၂ ရက်နေ့ တပေါင်းလဆန်း ၁၄ ရက် နံနက်ပိုင်းတွင် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း။
- ✳ ၇-၃-၂၀၁၂ ရက်နေ့ တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း။
- ✳ ၇-၃-၂၀၁၂ ရက်နေ့ တပေါင်းလပြည့်နေ့ ညနေပိုင်းတွင် ဆီမီး (၉၀၀၀) ပူဇော်ခြင်း။
- ✳ ၁-၃-၂၀၁၂ ရက်နေ့မှ ၈-၃-၂၀၁၂ ရက်နေ့အထိ ပွဲတော်ကွင်းအတွင်း ပျော်ပွဲ/ရွှင်ပွဲများ ကျင်းပခြင်း။

ဂေါပကအဖွဲ့

အမျိုးသား၊ အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဖွင့်

ရန်ကုန် မတ် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် (၃၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတို့၏ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် စစ်တုရင်အားကစားမောင်မယ်များ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပထမဦးဆုံးရွှေ့ကွက်ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ပထမနေ့ပြိုင်ပွဲပွဲစဉ်ကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲ၌ ၁၆ ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို မတ် ၁၂ ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း) ပြိုင်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

လမ်းပျက်စီးပိတ်ဆို့မှု ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် အမှတ်(၃) သံလမ်းဂိတ်အနီး (၁၀)လမ်း လမ်းမပေါ်နှင့် လမ်းမဘေးတို့တွင် ကုန်တင်ရထားတွဲမှ ကုန်ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် နေ့ရောညပါ အတင်၊ အချဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ်နှင့် လမ်းပျက်စီးပိတ်ဆို့မှုများ ကြုံနေရသည့်အပြင် ဂတ်(စ်)အိုးများတင်၊ ချမှုကြောင့် နေ့ညဆူညံမှုနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(၁၀)လမ်းသားများ။

ဝက်မွေးမြူရေးခြံမှ အနံ့အသက်ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သဇင်လမ်းမကြီးနှင့် ဆဒ္ဒန်လမ်းထောင့်ရှိ ခြံတစ်ခြံမှ ဝက်များကို စီးပွားဖြစ်မွေးမြူလျက်ရှိပြီး ယင်းခြံမှထွက်သော ဝက်ချေးနံ့များနှင့် ဝက်စာနံ့များကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅၆ လမ်း (အလယ်လမ်း)ရှိ နေအိမ်တစ်အိမ်တွင် သံပန်း၊ သံတံခါးလုပ်ငန်းကို ပတ်ဝန်းကျင်မသိအောင် အိမ်အတွင်း တံခါးပိတ်၍ သံဂဟေဆော်ခြင်း၊ ဂတ်(စ်)ဂဟေဖြတ်တောက်ခြင်းနှင့် လျှပ်စစ်မီးပြတ်သွားပါက အရေးပေါ်အသုံးပြုနိုင်ရန် လမ်းမီးဓာတ်တိုင်မှ လျှပ်စစ်မီးသွယ်တန်းအသုံးပြုနေခြင်းတို့ကြောင့် မလိုလားအပ်သည့် မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ။

မုန့်ဖုတ်စက်ရုံကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ရွှေကျီးလမ်းရှိ ပန်းသီးမုန့်ဖုတ်စက်ရုံကြောင့် သက်ကြီးရွယ်အိုများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ ပညာရေးထိခိုက်နစ်နာမှုများရှိနေသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် ထပ်မံတင်ပြအပ်ပါသည်။

ရွှေကျီးလမ်းသူ။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မဈေး၊ ပြွန်တန်ဆာဈေး၊ မဒေါက်ဈေးနှင့် ပိန်းဇလုပ်ဈေးများရှိ ပျံကျဈေးသည် ၂၀၆ ဦးအား ဒုတိယအကြိမ် ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးမိဈေးဖများ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက ချေးငွေထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပျံကျဈေးချေးငွေကျပ် ၂၀၆ သိန်း ထုတ်ချေးပေးစဉ်။

(သတင်းစဉ်)

မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်

(၁) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (ဗီုးတက်) တစ်ပါတည်း ပါရှိရမည်။

(၂) အရည်အသွေးကောင်းမွန်သော ဆိုင်ကယ်စီးဦးထုပ်ဆောင်း၊ မေးသိုင်းကြိုး တပ်ရမည်။

(၃) နှစ်ယောက်ထက်ပိုမစီးရ။

(၄) မူးယစ်သောက်စားပြီး ဆိုင်ကယ်မစီးရ။

(၅) အရှိန်ပြင်းမမောင်းရ၊ ပြိုင်မမောင်းရ၊ လုမမောင်းရ၊ သတ်မှတ်ထားသည့် မိုင်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

(၆) လမ်းလက်ယာဘက်သတ်မှတ်ယာဉ်ကြောမှ မောင်းရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် AMBUR ELECTRONIC ကုမ္ပဏီတို့ ပူးပေါင်းကျင်းပပြီး Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ပထမအကြိမ် ABC National Women Pool & Ball Championship ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ AMBUR ELECTRONIC ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင်ဆောင်က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာနယ်ဇင်းဆိုင်ရာများ၏ မေးမြန်းမှုများကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ABC National Women Pool & Ball Championship ပြိုင်ပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီမှ စတင်၍ ကုက္ကိုင်းရေကူးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးများသည် မတ် ၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ စတုတ္ထဆုငွေကျပ် တစ်သိန်းခွဲ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲ၏ အဆင့်(၅)မှ (၁၀)အထိ တစ်ဦးလျှင် ဆုငွေကျပ် ငါးသောင်းစီနှင့် အဆင့်(၁၁)မှ (၂၅)အထိ တစ်ဦးလျှင် ဆုငွေကျပ် သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၈)

ဂျွန်၏ဂိုးဖြင့် ဇေယျာ၀တီနိုင်

ရန်ကုန် မတ် ၂

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈) ပထမနေ့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာ၀တီယူနိုက်တက်အသင်းက Southern Myanmar အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇေယျာ၀တီယူနိုက်တက် - တစ်ဂိုး (ဂျွန်)
Southern - ဂိုးမရှိ

ယခုပွဲစဉ်မှာ သုဝဏ္ဏကွင်း၌ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသော MNL ပွဲစဉ်ဖြစ်ပြီး ဇေယျာ၀တီအသင်း၏ နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလကတည်းက မြက်ခင်းပြင်ပြုပြင်မှုများ ပြုလုပ်ခဲ့သော သုဝဏ္ဏကွင်းတွင် ငါးလကြာပြုပြင်ခဲ့ပြီး ယခုပြိုင်ပွဲများကို စတင်ကစားနေပြီဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

Southern မှ ရဲထွန်းနိုင် ဇေယျာ၀တီဘက်သို့ ဂိုးသွင်းရန် ကြိုးစားနေစဉ်။

ကိုရီးယားမင်းသမီး ကင်မ်ဂျိဝန် ဂျပန်ဂီတလောကသို့ ဝင်ရောက်မည်

ကိုရီးယားမင်းသမီး ကင်မ်ဂျိဝန်သည် အဆိုတော်တစ်ဦးအနေဖြင့် ဂျပန်ဂီတလောကသို့ ယခုနှစ်နွေရာသီတွင် စတင်ဝင်ရောက်မည်ဖြစ်ကြောင်း သူမ၏ Lion မီဒီယာအေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

Lion မီဒီယာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် ကင်မ်ဂျိဝန်သည် သူမ၏ အဆိုတော်ဘဝကို ဂျပန်နာမည်ကျော်အဆိုတော်များဖြစ်သည့် ဟာမာစကီအယူမီ၊ EXILE၊ အမူရိုနာမီနှင့် ကိုဒါကူမီတို့၏ အနုပညာရေးရာများကို စီမံခန့်ခွဲပေးလျက်ရှိသော ဂျပန်ထိပ်တန်းဖျော်ဖြေရေးကုမ္ပဏီ AVEX နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကင်မ်ဂျိဝန်သည် အမ်ဘီစီရုပ်သံလိုင်းအတွက် ရိုက်ကူးလျက်ရှိသည့် High Kick 3 ဇာတ်ကားပြီးလျှင်ပြီးချင်း ဂျပန်နိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်းနှင့် ကင်မ်သည် ဂျပန်ဘာသာစကားကို လေ့လာနေသည်မှာလည်း နှစ်နှစ်ကြာပြီဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✳

ယူရိုပါလိဂ်ပွဲစဉ် လက်မှတ်ဈေးနှုန်းကြီးမြင့်နေမှု ယူအီးအက်ဖ်အေနှင့် မန်ယူအသင်း ဆွေးနွေးဖွယ်ရှိ

မန်ချက်စတာ မတ် ၂

ဟိန်းထက်လင်း

ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် စပိန်ကလပ်ဘီလ်ဘာအိုအသင်း၏ အိမ်ကွင်းဆန်မာမက်စ်တွင် သွားရောက်ကစားရမည့် ပွဲစဉ်အတွက် ပွဲကြည့်ခွင့် လက်မှတ်ခ ဈေးနှုန်းကြီးမြင့်နေမှုကိစ္စနှင့် ပတ်သက်၍ မန်ယူအသင်းသည် ယူအီးအက်ဖ်အေ နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်။ စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ◆

ရှောက်၊ သံပရာတို့၌ ပါဝင်သောဖြုပ်ပေါင်း အမျိုးသမီးများ လေသင်တုန်းဖြစ်မှုမှကာကွယ်

အင်တာနက်ကျန်းမာရေးသတင်း

ဘာသာပြန်စစ်

လန်ဒန် မတ် ၂

ရှောက်၊ သံပရာမျိုးဝင် အသီးများ၌ ပါဝင်သော ဖြုပ်ပေါင်းတစ်မျိုးသည် အမျိုးသမီးများ၏ လေသင်တုန်းဖြစ်မှုဘေးအန္တရာယ်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသန လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

သစ်သီးဝလံများ၊ အသီးများနှင့် ဟင်းသီးဟင်းရွက်တို့၌ ပါဝင်သော ဖလက်ဗာနွိုက်ဒ်၌ ဖြုပ်ပေါင်းများ (Flavonoids)သည်လည်းကောင်း၊ အထူးသဖြင့် ဗီတာမင်စီ ပါဝင်သော သစ်သီးဝလံများသည်လည်းကောင်း လေသင်တုန်းဖြစ်မှုဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံရှိ အီစ်အင်ဂလီယာ တက္ကသိုလ်မှ အာဟာရဗေဒပညာရှင် ပါမောက္ခ အေဒင်ကက်စီဒီက ပြောကြားသည်။

ရှောက်၊ သံပရာမျိုးဝင် အသီးများ၌ ပါဝင်သော ဖြုပ်ပေါင်းသည် သွေးကြောများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ရောင်ရမ်းနာကို တိုက်ဖျက်ပေးနိုင်မှုအာနိသင်များပါရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

သုတေသနအဖွဲ့သည် အမျိုးသမီး ၆၉၆၂၂ ဦးအပေါ် အခြေခံကာ (၁၄) နှစ်ကြာ လေ့လာတွေ့ရှိချက်များကို စိစစ်သုံးသပ်ခဲ့သည်။

ရှောက်၊ သံပရာမျိုးဝင် အသီးများကို မကြာမကြာ စားသုံးသော အမျိုးသမီးများသည် လေသင်တုန်းဖြစ်မှုဘေးအန္တရာယ်ကို လျှော့ချနိုင်ကြောင်း၊ ဖလက်ဗာနွိုက်ဒ်ဖြုပ်ပေါင်းများနှင့် အမျိုးသမီးများ တွေ့ကြုံရနိုင်သော လေသင်တုန်းဖြစ်မှု ဘေးအန္တရာယ်အကြား ဆက်နွှယ်ပုံကို ပိုမိုလေ့လာသွားရန် လိုအပ်ကြောင်း သုတေသန လေ့လာချက်တွင် ဖော်ပြသည်။

ရှောက်၊ သံပရာမျိုးဝင် အသီးများကို ပုံမှန်စားသုံးသော အမျိုးသမီးများသည် ယင်းအသီးများကို စားသုံးသော အလေ့အထနည်းသည့် အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် လေသင်တုန်းဖြစ်မှု ဘေးအန္တရာယ် ၁၉ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။ ***အင်တာနက်။***

ယနေ့သတင်းအညွှန်း

အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ ကွာလာလမ်ပူမြို့၌ ကျင်းပ
ပြည်တွင်းသတင်း စာမျက်နှာ ၅

မြန်မာနာခေါင်းလန်မျောက် ထိန်းသိမ်းရေး အလုပ်ရုံ ဆွေးနွေး
ပြည်တွင်းသတင်း စာမျက်နှာ ၈

မိုဘိုင်းဖုန်း သုံးစွဲသူများသို့ အသိပေး တင်ပြချက်
ပြည်တွင်းသတင်း စာမျက်နှာ ၂

တစ်ဆုပ်ဆန်မှသည် မွေးမြူရေးအာမခံ စနစ်ဆီသို့
ဆောင်းပါး စာမျက်နှာ ၆

မပြောမပြီး မတီးမမြည် ဥပဒေမဲ့၊ စည်းကမ်းမဲ့ ဆိုင်ကယ်များ
ယနေ့ ဖတ်စရာ စာမျက်နှာ ၉

နျူကလီးယားစမ်းသပ်မှု ဆိုင်းငံ့ထားရန် မြောက်ကိုရီးယားသဘောတူ
နိုင်ငံတကာသတင်းစာမျက်နှာ ၄

ချော့ဂျူးကျွန်း၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်မည်
နိုင်ငံတကာသတင်းစာမျက်နှာ ၄

တပ်ကုန်းနှင့် ပျဉ်းမနား၌ တံတားနှင့် လမ်းသစ် ဖွင့်ပွဲများ ကျင်းပ
ပြည်တွင်းသတင်း စာမျက်နှာ ၅

ဟိမဝန္တာတောင်တန်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသ၌ နှင်းကျားသစ်နှစ်ကောင်တွေ့ရှိရ

ကာရီးလ် (အိန္ဒိယ) မတ် ၂

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့အကြား လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သည့် ဟိမဝန္တာတောင်တန်းအစွန်အဖျားဒေသတွင် လူသူအတွေ့မခံဘဲ ရှောင်ပုန်းတတ်သောသဘာဝရှိသည့် နှင်းကျားသစ်နှစ်ကောင်ကို ဓာတ်ပုံမှတ်တမ်းတင်ယူနိုင်ခဲ့သော အံ့ဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (အိန္ဒိယ)က ကာရီးလ်ခရိုင်တွင် အနီအောက်ရောင်ခြည်သုံး ကင်မရာထောင်ချောက်တပ်ဆင်ပြီး တစ်လခန့်အကြာ၌ အရွယ်ရောက်ပြီး နှင်းကျားသစ်နှစ်ကောင်၏ပုံရိပ်ကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံရိုက်ယူခဲ့ရာဒေသသည် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေသော ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း (LoC)မှ ကီလိုမီတာအနည်းငယ်မျှ ကွာဝေးသည်ဟု ဆိုသည်။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (အိန္ဒိယ)၏အဆိုအရ ဘေးအန္တရာယ်ကျရောက်နေသည့် နှင်းကျားသစ်များအား ကာရီးလ်ဒေသ၌ ဓာတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်းက အာရှတောင်ဆိတ်တစ်အုပ်ကို ချောင်းမြောင်းနေသည့် နှင်းကျားသစ်တစ်ကောင်အား စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ❑